


အားနည်းသောသူက
ငါ အားကြီးသည်ဟု ပြောဆိုစေ
(သို့မဟုတ်)

# အော့တစ်ဇင်လူငယ်လေး တစ်ယောက်အကြောင်း

## THE CURIOUS INCIDENT OF THE DOG IN THE NIGHT-TIME

Mark Haddon

မင်းစိုးသန်း

မြန်မာပြန်




mgyoe.com

ဤစာအုပ်ပါအကြောင်းအရာမှာ ၁၅ နှစ်အရွယ် အော်တစ်ဇင် (ကလေးဘဝမှ တဖြည်းဖြည်းဖြစ်လာတဲ့ အထီးကျန်စိတ်ဝေဒနာရှင်) လူငယ်လေးတစ်ယောက်ရဲ့ အကြောင်းကို ရေးသားထားတာ ဖြစ်ပါတယ်။

ဝတ္ထုဇာတ်လမ်းကတော့ ခွေးလေးကို သတ်တဲ့ တရားခံကို ရှာဖွေရင်းကနေ မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးလျှို့ဝှက်ချက်တွေကို အမှတ်မထင်တွေ့ရှိပြီးတော့ ဖခင်အပေါ် စိတ်နာကြည်းမှုနဲ့အတူ သူ့မိခင်ကို သူတို့မြို့ငယ်လေးကနေ သူ တစ်ခါမှ မရောက်ဖူးတဲ့ လန်ဒန်မြို့ကြီးအထိ စွန့်စားသွားရောက်ရှာဖွေရင်း မိဘနှစ်ပါးရဲ့ ချစ်ခြင်းမေတ္တာနဲ့ သူအလိုချင်ဆုံးဖြစ်တဲ့ သိပ္ပံနဲ့သင်္ချာပညာရေးကို သည်အော်တစ်ဇင်ပြဿနာရှိတဲ့ လူငယ်လေးတစ်ယောက်က ရှာဖွေနိုင်ဖို့ ဖြစ်နိုင်ပါ့မလားဆိုတာကို သည်စာအုပ်ထဲမှာ ရေးသားထားပါတယ်။

သည်စာအုပ်ကို သာမန်လူတွေလို မဟုတ်တဲ့ အော်တစ်ဇင် ဝေဒနာရှင်ကလေးများကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် စောင့်ရှောက်ကျွေးမွေးပြီး တုနှိုင်းမရသော အနန္တမေတ္တာတွေ ပေးခဲ့ကြတဲ့ မိဘများနဲ့
ကလေးတွေရဲ့ ကျောင်းက ဆရာ၊ ဆရာမများကို ဂုဏ်ပြုရေးသား ဘာသာပြန်တင်ဆက်လိုက်ရခြင်းလည်း ဖြစ်ပါတယ်။




NW0094
3,500.00 KS

mgyoe.com

အားနည်းသောသူကပါ အားကြီးသည်ဟု ပြောဆိုစေ
(သို့မဟုတ်)အော့တစ်ဇင်လူငယ်လေးတစ်ယောက်အကြောင်း၊ မင်းစိုးသန်း
စာမျက်နှာ ၃၇၀ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အားနည်းသောသူက
# ငါ အားကြီးသည်ဟု ပြောဆိုစေ
# (သို့မဟုတ်)
# အော့တစ်ဇင်လူငယ်လေး
# တစ်ယောက်အကြောင်း

# THE CURIOUS INCIDENT OF THE DOG IN THE NIGHT-TIME

**Mark Haddon**

**မင်းစိုးသန်း**

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အားနည်းသောသူက ငါ အားကြီးသည်ဟု ဆိုလိမ့်မည်၊ သို့မဟုတ် အော်တစ်ဇင်လူငယ်လေးတစ်ယောက် အကြောင်း

ဤစာအုပ်ပါ အကြောင်းအရာမှာ ၁၅ နှစ်အရွယ် အော်တစ်ဇင် (ကလေးဘဝမှ တဖြည်းဖြည်းဖြစ်လာတဲ့ အထီးကျန် စိတ်ဝေဒနာရှင်)လူငယ်လေးတစ်ယောက်ရဲ့အကြောင်းကို ရေးသားထားတာ ဖြစ်ပါတယ်၊ အပြုအမူဆိုင်ရာ ပြဿနာရှိသူလို့လည်း ခေါ်နိုင်ပါတယ်၊ သူတို့တစ်တွေဟာ တစ်ခုခုကို လွန်စွာ စွဲလမ်းတပ်မက်ကြသူများ ဖြစ်ကြသလို၊ တစ်ဖက်ဖက်မှာလည်း လွန်စွာ ထူးချွန်တဲ့ အရည်အချင်းတွေ ပိုင်ဆိုင်ထားကြပါတယ်၊ သည်ဇာတ်လမ်းထဲက ခရစ်စ္စတိုဖာဘွန်းဆိုသူလေးကတော့၊ သိပ္ပံနဲ့ သင်္ချာကို အထူးဝါသနာပါတာနဲ့အညီ၊ စုံထောက်ကြီး ရှားလော့ဟုမ်းကို အားကျပြီး လျှို့ဝှက်သည်းဖိုလူသတ်ကောင်ဝတ္ထုတွေကို ကြိုက်နှစ်သက်တာကြောင့်၊ အိမ်နီးနားချင်း ခွေးတစ်ကောင်ညဘက်မှာ ခက်ရင်းခွချွန်နဲ့ ထိုး အသတ်ခံရတာကစလို့ တရားခံကို တစ်ကိုယ်တော် စူးစမ်းရှာဖွေရင်း ဝတ္ထုရေးဖို့ အားထုတ်နေသူ ဖြစ်ပါတယ်။

သူ့ရဲ့ ထူးခြားချက်ကတော့ ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းပြည်တိုင်းရဲ့မြို့တော်တွေကို အလွတ်ပြောဆိုနိုင်သလို သင်္ချာဆိုင်ရာ သုဒ္ဓကိန်းတွေကိုလည်း ၇,၀၅၀ အထိ ဆက်တိုက်ရွတ်ဆိုနိုင်တဲ့ သင်္ချာစွမ်းရည်လည်းရှိသူတစ်ယောက် ဖြစ်ပါတယ်။ သူဟာ နေစကြ[ဝဠာ] စနစ်၊ ပင်လယ်သမုဒ္ဒရာ ရေအောက်နဲ့ ကမ္ဘာ့မဟူရာ

mgyoe.com

mgyoe.com

ချိုင့်ကြီး စတဲ့အကြောင်းအရာတွေကိုပါ သိရှိတဲ့ ဗဟုသုတ စုံလင်ပြည့်ဝသူလည်း ဖြစ်ပါတယ်။

သူဟာ စိတ်ညစ်ညျူးတဲ့အခါ အော်ဟစ်နေတတ်ပြီး၊ အဝါရောင်နဲ့ အညိုရောင်တွေကို မနှစ်သက်သူတစ်ယောက် လည်း ဖြစ်ပါတယ်။

ဝတ္ထုဇာတ်လမ်းကတော့ ခွေးလေးကို သတ်တဲ့ တရားခံကို ရှာဖွေရင်းကနေ မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးလျှို့ဝှက်ချက်တွေကို အမှတ်မထင် တွေ့ရှိပြီးတော့ ဖခင်အပေါ် စိတ်နာကြည်းမှုနဲ့အတူ သူ့မိခင်ကို သူတို့မြို့ငယ်လေးကနေ သူ တစ်ခါမှ မရောက်ဖူးတဲ့ လန်ဒန်မြို့ကြီးအထိ စွန့်စားသွားရောက်ရှာဖွေရင်း မိဘနှစ်ပါးရဲ့ ချစ်ခြင်းမေတ္တာနဲ့ သူအလိုချင်ဆုံးဖြစ်တဲ့ သိပ္ပံနဲ့ သင်္ချာ ပညာရေးကို သည်အော်တစ်ဇင်ပြဿနာရှိတဲ့ လူငယ်လေးတစ်ယောက်က ရှာဖွေနိုင်ဖို့ ဖြစ်နိုင်ပါ့မလား ဆိုတာကို သည်စာအုပ်ထဲမှာ ရေးသားထားပါတယ်။

သည်စာအုပ်ကို သာမန်လူတွေလို မဟုတ်တဲ့ အော်တစ်ဇင်ဝေဒနာရှင်ကလေးများကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် စောင့်ရှောက်ကျွေးမွေးပြီး တုနှိုင်းမရသော အနန္တမေတ္တာတွေ ပေးခဲ့ကြတဲ့ မိဘများနဲ့ ကလေးတွေရဲ့ ကျောင်းက ဆရာ၊ ဆရာမများကို ဂုဏ်ပြုရေးသား ဘာသာပြန်တင်ဆက်လိုက်ရခြင်းလည်း ဖြစ်ပါတယ်။

မင်းစိုးသန်း
(မြန်မာပြန်သူ)

mgyoe.com

mgyoe.com

(၂)

သန်းခေါင်ကျော် ၇ မိနစ်အချိန်မှာပါ၊ ခွေးဟာမစ္စစ်ရှီးယားစ်ရဲ့ အိမ်ရှေ့မြက်ခင်းပြင်အလယ်ကောင်မှာ တစောင်းလဲကျလျက် ရှိနေပါတယ်။ သူ့မျက်လုံးတွေကပိတ်လို့ပေါ့လေ၊ ပုံစံကတော့သူ့ဘေးတိုက်အနေအထားအရဆိုရင်ပြေးလွှားနေတဲ့ပုံစံမျိုးပါ၊ အိပ်မက်ထဲမှာကြောင်ကိုမြင်လို့ပြေးလိုက်တဲ့ပုံစံမျိုးနဲ့ပါ၊ ဒါပေမဲ့ခွေးကပြေးနေတာလည်းမဟုတ်သလို အိပ်ပျော်နေတာလည်းမဟုတ်ပါဘူး၊ ခွေးကသေနေပါပြီ။

ဥယျာဉ်သုံး ခက်ရင်းခွတစ်ချောင်းက ခွေးကိုစူးဝင်နေလျက်ပါ၊ ခက်ရင်းခွရဲ့ ဆူးတွေက ခွေးကိုထုတ်ချင်းပေါက်ပြီး မြေကြီးထဲ ထိုးစိုက်နေဟန်တူပါတယ်။ဒါကြောင့် ခက်ရင်းခွလဲကျ မသွားတာပေါ့။

ကျွန်တော် မှတ်ချက်ချရတာကတော့ ခွေးဟာခက်ရင်းခွနဲ့ အထိုးခံရလို့ သေဆုံးသွားဟန်တူလေရဲ့၊ ဘာလို့လဲဆို ခွေးပေါ်မှာ အခြားဒဏ်ရာဘာမှ မတွေ့ရတာပါပဲ။ ပြီးတော့ကျွန်တော်ကတော့မထင်ဘူး။ ခွေးဟာ အခြားပယောဂ တစ်ခုခုနဲ့သေပြီးမှ ဥယျာဉ်သုံးခက်ရင်းနဲ့ ထိုး

mgyoe.com

mgyoe.com



ထားတာလားလို့ပေါ့လေ။ ဥပမာအားဖြင့် ကင်ဆာရောဂါ ဖြစ်ထားပြီး ဖြစ်ဖြစ်လမ်းပေါ်မှာ မတော်တဆဖြစ်ခဲ့လို့ဖြစ်ဖြစ်ပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်လည်း ဒီကိစ္စနဲ့ပတ်သက်လို့တော့မသေချာဘူး။

ကျွန်တော် မစ္စစ်ရှီးယားစ် အိမ်တံခါးအတိုင်းဝင်သွားပြီး တံခါးကို ပိတ်လိုက်ပါတယ်၊ သူမရဲ့မြက်ခင်းအတိုင်း လျှောက်သွားပြီး ခွေးအေား မှာ ဒူးထောက်ထိုင်လိုက်ပါတယ်။ ကျွန်တော့်လက်ကို ခွေးရဲ့ နှုတ်သီး ပေါ်တင်လိုက်ပါတယ်၊ ပူပူနွေးနွေးရှိပါသေးတယ်။

ခွေးလေးကို ဝယ်လင်တန်လို့ခေါ်ပါတယ်။ မစ္စစ်ရှီးယားစ် ပိုင်တာပါ။ သူမက ကျွန်တော်ရဲ့ မိတ်ဆွေဖြစ်ပြီး လမ်းတစ်ဖက်က အိမ်နှစ်လုံးရဲ့ဘယ်ဘက်မှာနေထိုင်ပါတယ်။

ဝယ်လင်တန်ဟာ အမွေးအဆုပ်ဆုပ်ရှိတဲ့ ပူဒယ်တစ်ကောင် ဖြစ်ပါတယ်။ ဆံပင်ပုံစံအမျိုးမျိုးနဲ့ အကောင်သေးသေး ပူဒယ်မျိုးထဲက မဟုတ်ပေမဲ့ အကောင်ကြီးပူဒယ်မျိုးဖြစ်ပါတယ်။ အနက်ရောင် အမွေး ရှည် ထူကောက်ကောက်နဲ့အကောင်ပါ၊ ဒါပေမဲ့ အနီးကပ်ကြည့်မယ် ဆိုရင်တော့ အမွေးထူတူ အောက်ကအရေခွံကတော့ ကြက်တွေလို အဝါ ရောင်ဖျော့ဖျော့ဖြစ်ပါတယ်။

ကျွန်တော်က ဝယ်လင်တန်ကိုပွတ်သပ်ပေးရင်းသူ့ကို ဘယ်သူက ဘာ့ကြောင့်သတ်သွားလဲဆိုတာကိုမေးခွန်းထုတ်ချင်နေမိတယ်။

❑

mgyoe.com

mgyoe.com

(၃)

ကျွန်တော့် နာမည် ခရစ်တိုဖာဘွန်ဖရန်ဆစ်ဘွန်း ဖြစ်ပါတယ်။ ကျွန်တော်ကကမ္ဘာပေါ်ကတိုင်းပြည်တိုင်းရဲ့ မြို့တော်အားလုံးကိုသိတဲ့ အပြင် ၇၀၅၇ အထိသုဒ္ဓကိန်းအားလုံးကိုလည်းသိပါတယ်။

လွန်ခဲ့တဲ့ရနှစ်က ဆော့ဟန်နဲ့ ပထမဆုံးအကြိမ်တွေ့ဆုံစဉ်မှာ သူမကျွန်တော့်ကိုဒီပုံကိုပြခဲ့ပါတယ်။

ကျွန်တော်သိပါတယ်၊ အဲဒါကဝမ်းနည်းခြင်းပုံမဟုတ်လား။



ကျွန်တော်ခွေးသေကိုတွေ့တုန်းကခံစားမှုမျိုး။ နောက်တော့ သူမ သည်ပုံ ကိုပြခဲ့ပါသေးတယ်။

mgyoe.com


mgyoe.com





ဒါကတော့ပျော်ရွှင်ခြင်းလေ။ သိတာပေါ့ ကျွန်တော် အာကာသခရီးစဉ်စာအုပ်ဖတ်နေရတဲ့ခံစားမှုမျိုး ဒါမှမဟုတ် မနက်စောစော၃–၄ နာရီလောက်ထလာပြီးတော့ လမ်းအတိုင်း တက်လိုက်ဆင်းလိုက်လုပ်ရင်း လောကကြီးတစ်ခုလုံး ကျွန်တော်တစ်ယောက်တည်း ရှိသယောင် ဖြစ်နေခဲ့တဲ့အချိန်မျိုးပေါ့။ ကျွန်တော်မျိုးလည်း ပြီးတော့ သူမကအခြားပုံတွေကို ဆွဲပြလိုက်သေးတယ်၊ ဒါတွေကိုတော့ ကျွန်တော်မျိုးလည်းအဓိပ္ပာယ် မဖော်နိုင်တော့ပါဘူး။

ကျွန်တော်ကတော့ ဆော့ဟန်ကို အဲ့လိုပုံမျိုးတွေ တော်တော်များ




များ ဆွဲခိုင်းပြီးတော့ ပုံစာအညွှန်း အဓိပ္ပာယ်တွေကို တိတိကျကျ ရေးခိုင်းလိုက်ပါတယ်။

ကျွန်တော်စာရွက်အပိုင်းအစတွေကို အိတ်ကပ်ထဲမှာထားပြီး တစ်ခြားသူတစ်ဦးဦး ပြောဆိုတာ နားမလည်တဲ့အခါ ပုံကို ထုတ်ထုတ်ကြည့်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒါလည်းအခက်သားလား လူတွေမျက်နှာ

mgyoe.com

mgyoe.com


ထားတွေက ပြောင်းလဲတာက မြန်လွန်းတော့ ဘယ်ပုံက သူတို့မျက်နှာ ရိုပ်မျက်နှာထားနဲ့ အကိုက်ညီဆုံးဆိုတာ ရွေးချယ်ဆုံးဖြတ်ဖို့လေ၊ ဒါကို ဆော့ဘွန်းကို ပြောပြတော့ သူမက ခဲတံနဲ့စာရွက်ပိုင်းတစ်ခုကို ဆွဲထုတ်ပြီး ပြောပါတယ်။ နင်လုပ်တာကတဲ့ လူတွေကို ဒီလိုမျိုး လုပ်သလိုများ ဖြစ်ကောင်းဖြစ်သွားနိုင်တယ်လို့ ပြောပြီး ရယ်ရောလား၊ ဒါနဲ့ ကျွန်တော်



လည်း မူလစာရွက်တွေကို ဆုတ်ဖြဲပြီး လေထဲလွှင့်ပစ်လိုက်တယ်၊ သည်တော့ ဆော့ဟန်ကတောင်းပန်ပါတယ်၊ ခုတော့ တစ်စုံတစ်ယောက်က ပြောတာကို ကျွန်တော် နားမလည်ခဲ့ရင် ဘာကိုဆိုလိုလဲဆိုတာ သူ့တို့ကို မေးတယ်၊ ဒါမှမဟုတ်လည်း ကျွန်တော်ထွက်ပြေးတယ်။

❑

mgyoe.com

mgyoe.com

(၅)

ကျွန်တော်ခွေးမှာ စိုက်နေတဲ့ ခက်ရင်းခွကို ဆွဲထုတ်ပြီး လက်မောင်းထဲကို ပွေ့ချီပြီး ဖက်ထားလိုက်ပါတယ်။ ခက်ရင်းခွဒဏ်ရာ နေရာကနေ သွေးတွေစီးထွက်လာတာပေါ့။

ကျွန်တော်က ခွေးတွေကို သဘောကျ နှစ်သက်တယ်၊ သင်တို့လည်း ခွေးတစ်ကောင်ဘာကို တွေးနေလဲဆိုတာ အမြဲသိနေတယ်။ သူ့မှာ စိတ်အထာ ၄ မျိုးရှိပါတယ်။ ပျော်ရွှင်တာ၊ ဝမ်းနည်းတာ၊ ခွတိုက်တာ၊ အာရုံစူးစိုက်တာ တွေပေါ့။ ဒါ့အပြင် ခွေးတွေဟာ သစ္စာစောင့်သိတယ်၊ သူတို့ဟာ မုသားမပြောဘူး၊ ဘာလို့လဲဆို သူတို့က စကားမပြောတတ်ကြဘူးလေ။

ကျွန်တော်ခွေးကို ၄ မိနစ်လောက် ဖက်ထားလိုက်တယ်။ ကျွန်တော် အော်ဟစ်သံကို ကြားလိုက်ရတဲ့အခါမှာတော့ ကျွန်တော် မော့ကြည့်လိုက်တဲ့အခါ မစ္စစ် ရှီးယားစ်ဟာ အိမ်ရှေ့ပေါ်တီကို ဘက်ကနေ ကျွန်တော့်ဆီပြေးလာနေတာကို တွေ့ရပါတယ်။

mgyoe.com

mgyoe.com


သူမဟာညဝတ်အင်္ကျီနဲ့အိမ်နေရင်းဝတ်တဲ့ ကုတ်အင်္ကျီတစ်ထည် ဝတ်ထားတယ်၊ သူမရဲ့ ခြေသည်းတွေကို ပန်းနုရောင်ရင့်ရင့် ဆိုးထားပြီးတော့ ဖိနပ်တော့ စီးမလာဘူး၊ သူမကအော်ဟစ်ကာ "မင်းက ဘာကောင်မို့လို့ ငါ့ခွေးကိုလုပ်လိုက်တာလဲ"

ကျွန်တော်က လူတွေကျွန်တော့်ကို အော်ဟစ်တာကို သဘောမကျဘူးဗျ၊ သူတို့ကကိုယ့်ကိုယ်ရိုက်နှက်လေမလား၊ ကိုင်တွယ်လေမလား ဆိုတဲ့အတွေးနဲ့ ကြောက်စိတ်တွေဝင်လာမိသလို ဘယ်လိုဖြစ်လာမယ်ဆိုတာလည်းမသိနိုင်ဘူးလေ။

"ခွေးကိုလွှတ်လိုက်စမ်း" သူမအော်ပြောလိုက်တယ်။

"ဒီသောက်ခွေးကိုလွှတ်လိုက်ပါလို့ဆိုနေ"

ကျွန်တော်ခွေးကိုမြက်ခင်းပေါ် အသာချရင်းနောက်ဘက်ဖဝါး လောက်ဆုတ်လိုက်တယ်။

သူမဒူးထောက်ချလိုက်တယ်။ ကျွန်တော်ထင်တာက သူမကိုယ်တိုင်ခွေးကိုပွေ့ချီလေမလားပေါ့။ ဒါပေမဲ့သူမ မလုပ်ပါဘူး၊ သွေးဘယ်လောက်ထွက်နေသလဲဆိုတာ သတိထားမိလို့သော်လည်းကောင်း၊ ညစ်ပေမှာစိုးလို့သော်လည်းကောင်းဖြစ်နိုင်ပါတယ်၊ အဲဒီအစား သူမ နောက်တစ်ခါ အော်ဟစ်တာကိုပဲ အစပြုလိုက်ပါတော့တယ်။

ကျွန်တော့်လက်တွေကို နားရွက်တွေပေါ်အုပ်ပြီး မျက်လုံးစုံမှိတ်ကာ ရှေ့ကိုလိုမ့်ပြီးသွားလိုက်တာကျွန်တော့်နဖူးကမြက်တွေကိုဖိမိသွားသည့်တိုင် ကိုယ်ကိုရှေ့ဘက်ကိုင်းထားလိုက်ပါတယ်၊ မြက်တွေကစိုစွတ်အေးစက်နေပါတယ်၊ ကောင်းလိုက်လေခြင်း။

❑

mgyoe.com

mgyoe.com

(၇)

ဒါက လျှို့ဝှက်သည်းဖို လူသတ်ဇာတ်လမ်း ဝတ္ထုရှည်တစ်ပုဒ်ဖြစ်ပါတယ်။

ဆော့ဟန်ကပြောပါတယ် ကိုယ်ဖတ်ချင်တဲ့အခါဖတ်ဖို့ စာတွေရေးသင့်တယ်တဲ့။ အများအားဖြင့် ကျွန်တော် သိပ္ပံနဲ့သင်္ချာအကြောင်းရေးတဲ့စာအုပ်တွေပဲဖတ်ပါတယ်။ တကယ့်ဝတ္ထုတွေက လူတွေစကားပြောရင် ဒီလိုလေ

"ကျွန်တော့်ခန္ဓာကိုယ်အနံ့ သံ၊ ငွေထည်တွေနဲ့ အကြောဖြိုင်းဖြိုင်းထနေသလို ရွံ့နဲ့တူတဲ့အစင်းကြောင်းတွေကဗရပွ၊ ကျွန်တော်ကပြောင်းလဲစေဆော်မှုအပေါ်အားမကိုးဘဲ တစ်ခုခုအပေါ်ပဲ မြဲမြဲဆုပ်ကိုင်ထားတဲ့အလုပ်မျိုးနဲ့တော့ မချည်နှောင်နိုင်ဘူး" ဘာအဓိပ္ပာယ်လဲဗျာ

ကျွန်တော်တော့ နားမလည်ဘူး၊ ကျွန်တော့်အဖေကော၊ ဆော့ဟန်မစ္စတာဂျေဘွန်းပါပေါ့၊ ကျွန်တော်သူတို့ကို မေးဖူးတယ်၊ ဆော့ဟန်ဟာ ရွှေအိုရောင်ဆံပင်ပိုင်ရှင်ဖြစ်ပြီး ပလတ်စတစ်နဲ့ လုပ်ထားတဲ့ မျက်မှန်ကို

mgyoe.com

mgyoe.com


တပ်ထားသူပါ။ ပြီးတော့ မစ္စတာဂျေဘွန်းကတော့ဆပ်ပြာနဲ့ သင်းသင်းနဲ့ သူ့အညိုရောင်ဖိနပ်နှစ်ဖက်စလုံးမှာ အပေါက်သေးသေး ခန့်မှန်းခြေ ၆၀ လောက်တော့ပါကောင်းပါရဲ့။

ဒါပေမဲ့ ကျွန်တော်ကလျှို့ဝှက်သည်းဖို လူသတ်ဇာတ်လမ်းဝတ္ထု တွေကို ရေးနေတာလေ။

လူသတ်လျှို့ဝှက်ဇာတ်လမ်းမှာတော့ တစ်စုံတစ်ယောက်က လူသတ်သမားဘယ်သူဆိုတာကိုဖော်ထုတ်ပြီး နောက်ဆုံးမှာသူတို့ကို ဖမ်းဆီးရတာလေ၊ ဒါကပဟေဠိမျိုးဆို တစ်ခါတစ်ရံသင်က ဇာတ်လမ်း မဆုံးခင်မှာပဲ အဖြေကိုဖော်ထုတ်နိုင်ပါတယ်။

ဆော့ဟန်ကပြောတယ် စာအုပ်ဆိုတာ လူတွေရဲ့ အာရုံကိုဖမ်းစား နိုင်စရာတွေနဲ့ စတင်သင့်တယ်တဲ့၊ ဒါကြောင့်လည်း ကျွန်တော်သည်ခွေး နဲ့ အစပြုလိုက်တာပေါ့။ သည်လိုစတင်ရခြင်း အကြောင်းက ကျွန်တော် စဉ်းစားဖို့ ခက်ခဲတဲ့အရာတွေကိုတွေ့ရှိခဲ့ရတယ်။ ဒါတွေက ကျွန်တော်နဲ့ မဆိုင်ဘဲ ကိုယ့်ကိုမှ လာအမှုပတ်နေတာကိုပါလေ။

ဆော့ဟန်က ပထမဆုံးစာမျက်နှာကို ဖတ်ပြီးတော့ ပြောလိုက် တယ်။ ဒါက မတူကွဲပြားတာပဲတဲ့၊ လိုင်းတွန့်မျက်တောင်အဖွင့်အပိတ် တွေကို သူမရဲ့လက်ညှိုးနဲ့ လက်ခလယ်တွေနဲ့ပြုလုပ်ပြီး စကားလုံးကို ဖွင့်ပိတ်သင်္ကေတထဲထည့်လိုက်တယ်။ သူမကပြောတယ် လူသတ် လျှို့ဝှက်သည်းဖိုဝတ္ထုတွေမှာ လူတွေအသတ်ခံရတာက ထုံးစံပဲလေ။ ကျွန်တော်ကပြောလိုက်တယ်၊ ဘာစကေဗီခွေးကြီးဝတ္ထုထဲမှာ ခွေးနှစ် ကောင်အသတ်ခံခဲ့ရတယ်။ အဲသည်ခွေးနဲ့ ဂျိမ်းမော်တီမာရဲ့ စပါယ်နီယယ် မျိုးနွယ်နားရွက်ဖားဖားသဘော်ခွေးနှစ်ကောင်ပေါ့။ ဒါပေမဲ့လို့ ဆော့ဟန် ပြောတာကတော့ သူတို့ဟာ လူသတ်သမားရဲ့ သားကောင်မဟုတ်ဘူး။

ဆာချားလ်ဘာ့စကာဗီးသာလျှင် သားကောင်ဖြစ်တယ်၊ ဒါက

mgyoe.com

mgyoe.com



စာဖတ်ပရိသတ်က လူတွေကိုခွေးတွေထက် ပိုဂရုစိုက်လို့ပဲတဲ့၊ တကယ်လို့များ စာတစ်အုပ်အုပ်ထဲမှာ လူတစ်ယောက်ယောက် အသတ်ခံခဲ့ရရင် စာဖတ်သူက စာကိုဆက်ဖတ်ချင်နေလိမ့်မယ်လို့ သူမကပြောပြန်တယ်။

(၁၉၉၆ ခုနှစ်လောက်က အမေခေါ်သွားတဲ့မြို့က စာကြည့်တိုက်မှာ တွေ့ရတဲ့စာအုပ်ထဲမှာ တွေ့ရှိတာပါ)

ကျွန်တော်က တကယ့်ဖြစ်ရပ်မှန်တွေကိုရေးချင်တယ်၊ ကျွန်တော်က သေသွားတဲ့လူတချို့ကိုသိတယ်။ ဒါပေမဲ့အကြောင်းတစ်ခုနဲ့ သေဆုံးတဲ့သူတွေကိုတော့ တစ်ယောက်မှမသိဘူး။ ကျောင်းက အက်ဒဝတ်တို့အဖေမစ္စတာပေါလ်ဆင်ကလွဲလို့ပေါ့လေ။ သူက အသတ်ခံရတာတော့မဟုတ်ပါဘူး။ လေဟုန်လျှောစီးရင်းမတော်တဆ ဖြစ်သွားတာပါ။ သူ့ကိုလည်း ကျွန်တော်တကယ်သိတာတော့ မဟုတ်ပါဘူးလို့ ကျွန်တော်ပြောလိုက်တယ်။ ကျွန်တော်ကခွေးတွေကို စိတ်ဝင်စားတယ်။ ဘာဖြစ်လို့လဲဆိုသူတို့က သစ္စာရှိတယ်၊ ရိုးသားတယ်၊ ပြီးတော့ အချို့ခွေးတွေက ပိုမိုတတ်သိလိမ္မာပြီး လူတွေထက်ပိုစိတ်ဝင်စားဖို့ ကောင်းတယ်လို့ ကျွန်တော်ပြောလိုက်သေးတယ်။ ဥပမာပြောတာနော် ကြာသပတေးနေ့တိုင်းကျောင်းလာတက်တဲ့စတိဗ်ဆိုပါတော့ သူဆို သူ့တုတ်ကောက်တောင်သူမသယ်နိုင်တော့အစားစားဖို့ အကူအညီလိုတယ် မဟုတ်လား။ ဆော့ဟာန်က ကျွန်တော့်ကိုတောင်းဆိုတယ်၊ ဒီအကြောင်းကို စတိဗ်အမေကို သွားမပြောဖို့ပါ။

❑

mgyoe.com

mgyoe.com

(၁၀)

အဲသည်နောက် ရဲတွေရောက်လာပါတယ်။ ကျွန်တော်ရဲတွေကို နှစ်သက်ပါတယ်။ သူတို့မှာ ယူနီဖောင်းတွေ ကိုယ်ပိုင်နံပါတ်တွေရှိတယ်၊ သင်သိလိမ့်မယ်သူတို့ဘာတွေလုပ်ဆောင်မယ်ဆိုတာကို၊ သည်မှာတော့ ရဲမေတွေကောရဲသားပါရောက်နေကြပါတယ်။

အမျိုးသမီးရဲမေရဲ့ဘယ်ဘက်ခြေချင်းဝတ်အပေါ်က အသားကပ် ဘောင်းဘီရှည်ပေါ်မှာ အပေါက်ကလေးတစ်ပေါက်ရှိနေပြီး အဲဒီ အပေါက်ရဲ့ အလယ်တည့်တည့်မှာ အနီရောင်ခြစ်ရာအစင်းကြောင်းတစ်ခု ရှိနေတယ်။ ရဲသားရဲ့ရှူးဖိနပ်အောက်ခြေကနေ တစ်ဖက်ကို ထိုးထွက် နေတဲ့ လိမ္မော်ရွက်ကြီးတစ်ရွက် ကပ်ညပ်လို့နေပါတယ်။

ရဲမေက မစ္စစ်ရှီးယားစ်ကို သူ့လက်မောင်းနဲ့ဖက်ရင်းက အိမ်ဘက်ကို ဦးတည်ပြီးပြန်လည်ခေါ်ဆောင်သွားပါတယ်။

ကျွန်တော်ခေါင်းကိုမြက်ပေါ်ကနေ မထူလိုက်ပါတယ်။

ရဲသားကြီးကကျွန်တော့်နံဘေးဆောင့်ကြောင့်ထိုင်ရင်းက "ဒီမှာ

mgyoe.com

mgyoe.com


ဘာတွေဘာတွေဖြစ်ပျက်နေတယ်ဆိုတာ မင်းငါ့ကို ပြောပြချင်လား လူလေး"

ကျွန်တော်မတ်တတ်ထပြီးတော့ပြောလိုက်တယ် "ခွေးသေသွားပြီ"

"ဒါတော့ငါသိပြီးသားပါ" သူကပြောပါတယ်။

ကျွန်တော်က "တစ်ယောက်ယောက်ကခွေးကိုသတ်သွားတာ" လို့ ပြောလိုက်တယ်။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ" လို့သူမေးတယ်။

"ကျွန်တော်အသက်၁၅နှစ်၃လနဲ့၂ရက်"

"ဒါဆို တိတိကျကျပြော မင်းဒီခြံထဲ ဘာလာလုပ်တာလဲ" လို့သူ မေးတယ်။

"ကျွန်တော်ခွေးကိုလာပွေ့ကြည့်တာ" လို့ကျွန်တော်ဖြေတယ်။

"ဒါဖြင့်မင်းကဘာလို့ခွေးကိုလာပွေ့ကြည့်တာတုံးကွ" လို့သူမေး ပြန်တယ်။

ဒါတော့ခက်ခက်တဲ့မေးခွန်းပါပဲ၊ ကျွန်တော်ကခွေးချစ်တော့ ခွေးကို တစ်ခုခု လုပ်ပေးချင်တဲ့အာသီသပဲ၊ ဒါကပဲ ခွေးသေနေတာကို မြင်တွေ့ ခဲ့ရပြီး ဝမ်းနည်းဖို့ဖြစ်လာတယ်။

ကျွန်တော် ရဲတွေကိုလည်း နှစ်သက်သူပါ။ မေးခွန်းကို ကောင်းကောင်းမှန်မှန်ဖြေချင်ပါတယ်။ ဒါပေမဲ့ ရဲသားကကျွန်တော် အဖြစ်မှန်ကိုဖြေဆိုဖို့ အချိန်လုံလုံလောက်လောက် မပေးခဲ့ပါဘူး၊

"မင်းဘာကြောင့်ခွေးကိုလာပွေ့ကြည့်ရတာလဲ" သူကထပ်မေးပြန် တယ်။

"ကျွန်တော်ခွေးကိုချစ်တယ်" လို့ပြောလိုက်တယ်။

"မင်းခွေးကိုသတ်ခဲ့သလား"

"ဒါကကောမင်းခက်ရင်းလား" လို့သူမေးတယ်။

mgyoe.com

mgyoe.com


"မဟုတ်ဘူး" လို့ဖြေတာပေါ့။

"မင်းကြည့်ရတာ ဒါနဲ့ပတ်သက်ပြီး အတော်စိတ်မချမ်းမသာ ဖြစ်နေပုံရတယ်" လို့သူပြောတယ်။ သူကမေးခွန်းအတော်များများကို ခပ်မြန်မြန်မေးနေပါတော့တယ်။ သူတို့ဟာ ကျွန်တော့်ခေါင်းထဲကို ဦးလေးတယ်ရီအလုပ်လုပ်တဲ့စက်ရုံက ပေါင်မုန့်လုံးကြီးတွေလို တစ်ပြုံ တစ်ခေါင်းကြီး ရောက်ချလာပါတယ်၊ စက်ရုံက ပေါင်မုန့်စက်ရုံဖြစ်ပြီး သူက အသားလွှာတဲ့စက်တွေကို ထိန်းသိမ်းကိုင်တွယ်ရပါတယ်။ တစ်ခါ တစ်ရံ အသားလွှာစက်က လိုသလောက် မြန်မြန်အလုပ်မလုပ်တဲ့အခါ ကျတော့ ပေါင်မုန့်တွေ အဆက်မပြတ်ဝင်လာတဲ့အခါမှာ ပိတ်ဆို့ပြီး ဂျမ်းဖြစ်ကုန်တော့တာပဲ၊ ကျွန်တော်လည်း ကျွန်တော့်စိတ်ကို စက်တွေလို ပဲလို့တော့ တစ်ခါတစ်ရံ ထင်မိပါရဲ့၊ ဒါပေမဲ့ ဘယ်သောအခါမှ ပေါင်မုန့် အသားလွှာစက်လိုတော့မဟုတ်ခဲ့ပါဘူး။ ဒီခြံထဲမှာ ဘာတွေဖြစ်ပျက်ခဲ့ တယ်ဆိုတာ အခြားသူတွေကို အေးအေးဆေးဆေး ရှင်းလင်းပြောပြ နိုင်ပါတယ်။

ရဲကြီးကပြောတယ် "ငါမင်းကိုတစ်ခေါက်ထပ်မေးမယ်"။

ကျွန်တော်မျက်ခင်းပြင်နောက်ဘက်ကို တစ်ခါလိုမ့်ထွက်လိုက် တယ်။ ကျွန်တော်နဖူးကိုမြေပြင်နဲ့ နောက်တစ်ခါထပ်ဖိထားလျက်က ပေါ့၊ ပြီးတော့အသံထွက်ပြီး အဖေလို့ ညည်းညည်းညူညူ အော်ခေါ် လိုက်တယ်။ အပြင်လောကကနေ သတင်းအချက်အလက်တွေ အမြောက်အမြား ကျွန်တော့်ခေါင်းထဲကို ဝင်ရောက်လာတဲ့အခါမျိုးမှာ ကျွန်တော်အဲဒီလို ဆူညံသံတွေလုပ်တတ်ပါတယ်။ ဒါက ဘာနဲ့ တူသလဲဆိုရင် တကယ်လို့ ခင်ဗျား စိတ်ကျဉ်းကျပ်လာတဲ့အခါ ရေဒီယို ကို နားနားကပ်ပြီး အသံလွှင့် ဌာနနှစ်ခုကြားက လိုင်းကိုချိန်လိုက်တယ် ဒါကြောင့် သင်ကြားရတာ ဘယ်လိုင်းကအသံကိုမှ မသဲမကွဲသံ

mgyoe.com

mgyoe.com


ဖြစ်နေမယ်၊ နောက်တော့ အသံထိန်းခလုတ်ကို အနေတော် ထားလိုက်တဲ့အခါ သင်အခြားအသံကို မကြားနိုင်တော့ ကိုယ်ကြားရတဲ့အသံက လုံခြုံမှုရှိတယ်လို့ သင်သိလိမ့်မယ်။

ရဲကြီးက ကျွန်တော့်ကို လက်မောင်းကကိုင်ပြီး ခြေထောက်တွေ လွတ်သွားအောင် လေထဲဆွဲမလိုက်တယ်၊ ကျွန်တော့်ကို အဲဒီလို ကိုင်တွယ်တာကိုတော့ ကျွန်တော်မကြိုက်ဘူး။

ဒါနဲ့ ကျွန်တော်သူ့ကို ဆွဲတီးခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com

(၁၃)

ဒါကတော့ ရယ်စရာစာအုပ်ဖြစ်လာမှာတော့မဟုတ်ဘူး ကျွန်တော် ရယ်စရာမပြောတတ်ဘူး။ ဘာလို့ဆို အဲဒါတွေ ကျွန်တော်နားမလည် ဘူးလေ။ ဟာသတစ်ခုရှိတယ်။ ဥပမာအားဖြင့်ပေါ့နော်၊ အဖေပြောခဲ့တဲ့ ထဲက တစ်ခုပါ။

**သူ့မျက်နှာကတော့ပုံဆွဲထားတာပါ၊ ဒါပေမဲ့ လိုက်ကာ တွေကတော့ တကယ့်အစစ်တွေ**

ဘာကြောင့် ဒါက ရီစရာကောင်းလဲဆိုတာကျွန်တော်သိတယ်၊ ကျွန်တော်မေးခဲ့တယ်၊ ဘာကြောင့်လဲဆို drawn (drawn) ရဲ့အဓိပ္ပာယ် ၃ မျိုးရှိတယ်လေ၊ အဲဒါတွေကတော့

၁။ ခဲတံနှင့် ပုံဆွဲတယ်

၂။ ပင်ပန်းနွမ်းလျတယ်

၃။ ပြတင်းတံခါးကိုဆွဲပိတ် လိုက်တယ်

နံပါတ်၁ ကို မျက်နှာနဲ့လိုက်ကာတွေ နှစ်ခုစလုံးကိုညွှန်းချင်တယ်။

mgyoe.com

mgyoe.com


၂ ကိုတော့ မျက်နှာတစ်ခုကိုပဲညွှန်းဆိုပြီး ၃ကျတော့လည်း လိုက်ကာ တွေနဲ့ ညွှန်းလို့ရပါတယ်၊ ကိုယ့်ဟာနဲ့ကိုယ် ရယ်စရာပြောဖို့ ကြိုးစားတဲ့ အခါ စကားလုံးတစ်ခုကိုအဓိပ္ပာယ်ကွဲ ၃မျိုးနဲ့ တစ်ချိန်တည်းမှာ ပြောကြည့်တယ်၊ ဂီတ၃မျိုးကိုတစ်ပြိုင်နက်တည်း နားထောင်ရသလို မျိုးပဲ၊ စိတ်မသက်မသာ ရှုပ်ထွေးပြီးနာပျော်ဖွယ်မရှိတဲ့ ဆူညံသံတွေလို လေ၊ လူသုံးယောက်က အကြောင်းအရာသုံးမျိုးကိုတစ်ပြိုင်တည်း ခင်ဗျား ကို လာပြောနေသလိုမျိုးပေါ့။

ဒါကြောင့် ဒီစာအုပ်မှာ ရယ်စရာမပါဘူးလို့ ပြောတယ်လေ။

❑

mgyoe.com

mgyoe.com

(၁၇)

ရဲကြီးက ကျွန်တော့်ကို ခဏကြည့်ပြီးတော့ပြောလိုက်တာက

"မင်းကိုငါ ရဲအရာရှိတစ်ယောက်ကို ကိုယ်ထိလက်ရောက် ကျူးလွန်မှုနဲ့ ဖမ်းလိုက်ပြီ" ပြီးတော့ပြောတယ်

"မင်း ရဲကားနောက်ခန်းမှာ သွားနေဖို့ အကောင်းဆုံးအကြံပေးမယ်၊ တကယ်လို့များ မင်းအရှုးကွက် နင်းမယ်ဆိုရင်တော့ မသာလေး၊ ငါ့ဒေါသတွေ ထိန်းမနိုင် သိမ်းမနိုင် ဖြစ်သွားနိုင်တယ်"။

ဂိတ်အပြင်ဘက်မှာ ရပ်ထားတဲ့ ရဲကားဘက်ကို ကျွန်တော် လျှောက်သွားလိုက်တယ်၊ သူကကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်တော့ ကျွန်တော်အထဲဝင်လိုက်တယ်၊ ရဲကြီးကယာဉ်မောင်းနေရာကိုဝင်ထိုင်လိုက်ပြီး ရေဒီယိုကတစ်ဆင့် အိမ်ထဲမှာပဲရှိနေသေးတဲ့ ရဲမေဆီ လှမ်းဆက်သွယ်လိုက်တယ်။

ဒီငနာလေး ငါ့ကို အခုလေးတင်ဆော်ထည့်လိုက်တယ်၊ ကိတ်ရေ၊ မင်းမစ္စရှိုးယားစ်ကိုထိန်းထားနိုင်မလား၊ ငါသူ့ကို စခန်းမှာဝင်ချလိုက်မယ်၊

mgyoe.com

mgyoe.com


တိုနီ့ကို နင့်ဘက်လှည့်ပြီး ကြိုခိုင်းလိုက်မယ်နော်၊ သူမကပြန်ပြောတယ် "ကောင်းပြီ၊ နောက်တော့ကျွန်မလိုက်လာမယ်" ရဲကြီးက "အိုကေလေ" ဆိုပြီး ကျွန်တော်တို့ ကားကိုမောင်းထွက်ခဲ့တယ်။

ရဲကားထဲမှာ ပလတ်စတစ်အပူနံ့ရယ်၊ မုတ်ဆိတ်ရိတ်ရေမွှေးနံ့ရယ်၊ အသင့်စားအာလူးချောင်းနံ့တွေ တော်တော်နံတယ်၊ မြို့လယ်ဘက်ကို ကားမောင်းသွားတော့ ကျွန်တော် ကောင်းကင်ကိုငေးကြည့်မိတယ်၊ ဒီညကတော့ ကြည်လင်သောမိုးကောင်းကင်ကြီးနဲ့အတူ နဂါးငွေ့တန်းကို တောင်တွေ့နိုင်ကောင်းရဲ့။

အချို့လူတွေက နဂါးငွေ့တန်းကို ကြယ်စင်စုအတန်းလိုက်ကြီး လို့ ထင်ကြတယ်။ ဒါပေမဲ့ အဲ့လိုတော့မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ နဂါးငွေ့တန်းဆိုတာ နှစ်သန်းပေါင်းများစွာက ကြယ်စင်အစုအဝိုင်းပြား ဖြစ်ပါတယ်။ ပြီးတော့ နေစကြဝဠာစနစ်ဆိုတာကလည်း ကြယ်စင်အစု အဝိုင်းပြားရဲ့အစွန်းထိပ်မှာ တည်ရှိပါတယ်။

သင်က A ရဲ့ ရှေးရှုရာအတိုင်းကြည့်မယ်ဆိုရင် အဝိုင်းပြားရဲ့ ၉၀ဒီဂရီမှာ သင် ကြယ်များများစားစားတော့ စတွေ့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ရှေးရှုရာ B အတိုင်းကြည့်မယ်ဆိုရင်တော့ ကြယ်အမြောက် အမြားကို မြင်တွေ့နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် နဂါးငွေ့တန်းရဲ့အဓိက ကိုယ်ထည်ကိုကြည့်လို့ပဲ ဖြစ်တယ်၊ ပြီးတော နဂါးငွေ့တန်းဟာ အဝိုင်း ပြားတစ်ခုထဲမှာ ကြယ်တွေရဲ့အစင်းအကြောင်းတစ်ခုအနေနဲ့ သင်မြင်တွေ့ ရတာပါ။ ပြီးတော့ ကျွန်တော်တွေးမိတယ် သိပ္ပံပညာရှင်တွေများ ညဘက် ကောင်းကင်ဘာလို့ မှောင်မည်းသွားရလဲဆိုတဲ့ အချက်ကလေး သိရဖို့ ဘယ်လောက်ကြာကြာ ခေါင်းစားခဲ့ရလဲဆိုတာကိုပါ။

စကြဝဠာထဲမှာ ကြယ်ကလေးတွေ ဘီလီယံနဲ့ချီပြီးရှိနေတာ ပြီးတော့ ဘယ်ဘက်ကကြည့်ကြည့် ကြယ်ကလေးတွေကိုတွေ့နေရတာ

mgyoe.com

mgyoe.com





ကြောင့် ကောင်းကင်ဟာ ကြယ်ရောင်စတွေနဲ့ လင်းလက်နေသင့်တယ်၊ ဘာလို့လဲဆို ကြယ်ရောင်တွေကမ္ဘာမြေပေါ်မရောက်ဖို့ တားဆီးနိုင်တဲ့ အခွင့်အလမ်းကတော်တော်နည်းလွန်းတာကလား။

ပြီးတော့ သူတို့ စကြဝဠာကြီး ကြီးထွားလာတဲ့အပေါ်မှာလည်း လေ့လာကြတယ်၊ ဒါကတော့ကြယ်တွေဟာ Big Bang သီအိုရီအရ တစ်လုံးနဲ့တစ်လုံးဝေးရာကို အဆောတလျင်ပြေးထွက်ကြတာကိုပေါ့၊ ကျွန်တော်တို့နဲ့ ကြယ်တွေနဲ့ဝေးလေ ရွေ့လျားမှုမြန်လေလေဆိုတာပဲ၊ အချို့ကြယ်တွေဟာ အလင်းရဲ့အလျင်နီးပါးကိုမြန်တယ်၊ ဒါကြောင့်လည်း သူတို့ရဲ့အလင်းဟာ ကျွန်တော်တို့ဆီမရောက်နိုင်တာပေါ့။

ဒီအချက်ကို ကျွန်တော်ကြိုက်နှစ်သက်တယ်၊ သင်ရဲ့ကိုယ်ပိုင် အတွေးအခေါ်နဲ့ ညဘက်ခေါင်းပေါ်မှာရှိတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ရင်း တစ်စုံတစ်ရာလုပ်ကြည့်နိုင်ပါတယ်။ ဘယ်သူ့မှလည်း သွားမေးစရာမလိုဘဲနဲ့ တွေးခေါ်နိုင်တယ်မဟုတ်ပါလား။

ပြီးတော့ စကြဝဠာကြီးပေါက်ကွဲပြီးသွားတဲ့အခါ ကြယ်တွေရဲ့ အရှိန်ဟာ နှေးကွေးသွားမယ်၊ ဘောလုံးကိုလေထဲမြှောက်ပစ်လိုက်သလို သူတို့ဟာ ရပ်သွားပြီးရင် စကြဝဠာရဲ့အလယ်ကောင်ကို ဦးတည်ပြီး တစ်ဖန်ပြန်ကျလာဖို့ စတင်လိမ့်မယ်၊ အဲဒီအခါ ကမ္ဘာမြေပြင်ကနေ

mgyoe.com

mgyoe.com


မြင်ရဖို့အတွက် ကျွန်တော်တို့ကို ဘယ်သူမှမတားဆီးနိုင်တော့ပါဘူး။ ဘာလို့လဲဆိုရင် သူတို့ဟာ ကျွန်တော်တို့ဆီကို ရွေ့လျားလာကြမှာကိုး၊ တဖြည်းဖြည်းချင်း အရှိန်မြန်သထက်မြန်လာတဲ့အခါ ကျွန်တော်တို့ သိလာလိမ့်မယ် မကြာခင်ကမ္ဘာပျက်တော့မယ် ဆိုတာကိုလေ၊ ဘာလို့လဲ ဆိုတော့ ကောင်းကင်ကိုညဘက်မော့ကြည့်တဲ့အခါ မည်းမှောင်မနေဘဲ ကုဋေကဋာမကသောကြယ်တွေရဲ့ အလင်းရောင်ကြောင့် မီးတောက် မီးလျှံတွေသာ ကျလာတာကိုမြင်ရမှာမို့လို့ပါ။ ခြွင်းချက်ကတော့ဗျာ ဘယ်သူတစ်ဦးတစ်ယောက်မှ ဒါကိုမြင်တွေ့ဖို့မရှိဘူး၊ ဘာလို့လဲဆို ကမ္ဘာပေါ်မှာ ဒါကိုကြည့်ဖို့ လူတွေကျန်ခဲ့မှာမဟုတ်လို့ဘဲလေ၊ အဲဒီအချိန်မှာ အသက်ရှင် ကျန်နေရစ်သူရှိကောင်းရှိလိမ့်မယ်၊ သည်လို လူသားတွေ သက်ရှိထင်ရှားရှိနေတယ်ဆိုရင်တောင်မှ သူတို့မြင်ခွင့်ရမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကြယ်ရောင်တွေက စူးရှလွန်းပြီး ပူပါတယ်၊ ဒါကြောင့်အားလုံး အပူလောင်ကျွမ်းပြီးသေကြမှာ ဥမင် လိုဏ်ခေါင်းထဲမှာနေနေတယ်ဆိုရင်တောင်မှမလွတ်ပါဘူး။

❑

mgyoe.com

mgyoe.com

(၁၉)

စာအုပ်တွေထဲမှာတော့ အခန်းတွေကို မူလသင်္ချာဂဏန်းအတိုင်း ပေးလေ့ရှိတယ်၊ ၁, ၂, ၃, ၄, ၅, ၆ စသည်ဖြင့်ပေါ့။ ဒါပေမဲ့ကျွန်တော် ကတော့ ကျွန်တော့်စာအုပ်ရဲ့ အခန်းတွေကို သုဒ္ဓကိန်းအတိုင်းသွားဖို့ ဆုံးဖြတ်ထားတယ်၊ ၂, ၃, ၅, ၇, ၁၁, ၁၃ စသည်ဖြင့်ပေါ့။ ဘာလို့ဆို ကျွန်တော်ကသုဒ္ဓကိန်းကို ကြိုက်တာကိုးဗျ၊ ဒါကသုဒ္ဓကိန်းကို ဘယ်လို ရှာတယ်ဆိုတာပါပဲ။

ပထမဆုံးအပေါင်းဂဏန်းရှိသမျှကို ရေးချလိုက်ပါ။ ပြီးတော့ ၂ရဲ့ ဆတိုးကိန်းတွေကို ဖယ်လိုက်ပါ။

ပြီးတော့ ၃ ရဲ့ဆတိုးကိန်းတွေအားလုံး၊ ၄ရဲ့ဆတိုးကိန်းတွေ အားလုံးနဲ့ ၅၊၆၊၇ စသည့်ဖြင့် ဆတိုးကိန်းတွေကိုဖယ်ထုတ်လိုက်ပါ။ ကျန်ခဲ့တဲ့ဂဏန်းတွေဟာ သုဒ္ဓကိန်းတွေပဲပေါ့။

သုဒ္ဓကိန်းတွေဖော်ထုတ်တဲ့ စည်းမျဉ်းတွေက တကယ်ကို ရိုးစင်း ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ သင့်ကိုပြောပြဖို့ ရိုးရှင်းတဲ့ပုံသေနည်း

mgyoe.com

mgyoe.com



| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | 32 | 33 | 34 | 35 | 36 | 37 | 38 | 39 | 40 |
| 41 | 42 | 43 | 44 | 45 | 46 | 47 | 48 | 49 | etc. |

တွက်ချက်မထားပါဘူး။ ဂဏန်းအကြီးကြီးတွေကပဲ သုဒ္ဓကိန်းနောက်တစ်လုံးကဘာဖြစ်မလဲ စသည်ဖြင့်ပေါ့။ တကယ်လို့များ ကိန်းကမတရားကြီးမယ်ဆိုရင် ကွန်ပျူတာယူပြီး နှစ်နဲ့ချီပြီးဘယ်ဟာ သုဒ္ဓကိန်းဆိုတာကို တွက်ချက်ပေတော့ပဲ၊ သုဒ္ဓကိန်းဟာ လျှို့ဝှက်သင်္ကေတရေးတဲ့အခါ အသုံးဝင်တယ်၊ အမေရိကမှာ စစ်သုံးပစ္စည်းအနေနဲ့ အမျိုးအစားသတ်မှတ်ထားပါတယ်၊ တကယ်လို့များ ၁၀၀ ထက်ပိုတဲ့ဂဏန်းလုံးရေရှိတဲ့ သုဒ္ဓကိန်းတစ်လုံးလုံးကိုတွေ့ရှိလို့ CIA ကို သွားရောင်းတဲ့အခါသူတို့က ဝယ်ခဲ့ရင် $ 10000 လည်းပေးတာပါပဲ၊ ဒါပေမဲ့ ဒီနည်းက စားဝတ်နေရေးအတွက်လုပ်တော့မကောင်းဘူး၊

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | 2 | 3 | | 5 | | 7 | | | |
| 11 | | 13 | | | | 17 | | 19 | |
| | | 23 | | | | | | 29 | |
| 31 | | | | | | 37 | | | |
| 41 | | 43 | | | | 47 | | | etc. |

mgyoe.com

mgyoe.com


သုဒ္ဓကိန်းဆိုတာသင့်ပုံစံထဲက ယူထုတ်သွားပြီး ကျန်ခဲ့တဲ့ ကိန်းတွေပါပဲ၊ ကျွန်တော်ထင်တာ သုဒ္ဓကိန်းဟာ ဘဝနဲ့တူတယ်၊ သူတို့ ဟာအလွန်ယုတ္တိတန်တယ်၊ ဒါပေမဲ့ တကယ်လို့ သင်ဟာ ဒီအကြောင်း တွေ တစ်ချိန်လုံးစဉ်းစားရင်းအချိန်ကုန်သွားသည့် တိုင်အောင်မှ သူ့ဉပဒေသ တွေကို မဖြေရှင်းနိုင်ခဲ့ကြဘူး။

❑

mgyoe.com

mgyoe.com

(၂၃)

စခန်းရောက်တော့သူတို့ ကျွန်တော့်ဖိနပ်သည်းကြိုးတွေကို ဖြုတ်လိုက်ပြီး ရှေ့စားပွဲမှာပဲ ကျွန်တော့်အိတ်ထောင်ထဲကဟာတွေ ထုတ်ပစ်လိုက်ကြပါတယ်။ တကယ်လို့ တစ်စုံတစ်ခု ကျွန်တော်ကိုယ်မှာရှိနေခဲ့ရင် ကိုယ့်ကိုယ်ကိုယ်လည်း သတ်သေချင်သတ်သေလိမ့်မယ်၊ ဒါမှမဟုတ် ထွက်ပြေးတာတို့ ရဲအရာရှိတွေကို တိုက်ခိုက်တာတို့ လုပ်ချင် လုပ်လာနိုင်လို့ပါပဲ။

စားပွဲနောက်က တပ်ကြပ်ကြီးက လက်မွေးထူထူနဲ့ပါ၊ ပြီးတော့ သူ့လက်သည်းတွေကို အလွန်အကျွံ ကိုက်ထားလွန်းလို့ သွေးတွေတောင် ထွက်နေတယ်။

ဒါတွေက ကျွန်တော့်အိတ်ထောင်ထဲမှာ ရှိတဲ့ပစ္စည်းတွေလေ


၁။ ၁၃ မျိုးသုံးလို့ရတဲ့ မောင်းချဓား အထဲမှာ ဝိုင်ယာခွာတဲ့ပစ္စည်း တစ်ခု၊

၂။ ကြိုးတစ်ချောင်း

mgyoe.com

mgyoe.com


၃။ သစ်သားနဲ့လုပ်ထားတဲ့ အောက်ပါ ပဟေဠိတစ်ခု
၄။ ကျွန်တော့် ကြွက် တိုဘီ အတွက် အစာတောင့် ၃ ခု



၅။ ငွေ ၁.၄၇ ပေါင် (အကြွေစေ့ ၁ ပေါင်၊ အကြွေစေ့ ပဲနိ ၂၀၊ ၁၀ ပဲနိတန် အကြွေစေ့ ၂ စေ့၊ ၅ ပဲနိတန် တစ်စေ့ နဲ့ ၂ ပဲနိတန်အကြွေစေ့ တစ်စေ့ )
၆။ အနီရောင် စာရွက်ညှပ်ကလစ်တစ်ချောင်း
၇။ အိမ်ရှေ့တံခါးသော့တစ်ချောင်း

ကျွန်တော်နာရီပတ်ထားတယ် ၊ သူတို့ကချွတ်ပြီး စားပွဲပေါ် တင်ခိုင်းတယ်၊ ပြောလိုက်ပါတယ် ကျွန်တော်နာရီကို ပတ်ထားဖို့ လိုအပ်တယ်၊ ဘာကြောင့်လဲဆိုဖြစ်ပျက်ခဲ့တဲ့အချိန်ကို အတိအကျသိဖို့ လိုအပ်လို့ပါလို့၊ပြီးတော့ ကျွန်တော့် နာရီကို အတင်းအကျပ်ဆွဲချွတ် ဖို့သူတို့ကြိုးစားကြတော့ ကျွန်တော်ငယ်သံပါအောင် အော်ပါလေရော၊ ဒါနဲ့သူတို့ သည်အတိုင်းထားလိုက်တယ်၊

သူတို့ကကျွန်တော့်မှာ မိသားစုရှိသလားတဲ့၊ ရှိတယ်လို့ ပြောလိုက် တယ်၊ မိသားစုကဘယ်သူတွေလဲပေါ့မေးတယ်၊ ကျွန်တော်ပြောပြတယ်၊ အဖေရှိတယ်၊ ဒါပေမဲ့ အမေက ဆုံးသွားပြီ၊ ပြီးတော့ဒါက ဦးလေး တယ်ရီ၊ ဆန်းဒါးလန်းမှာနေတယ် အဖေရဲ့အကိုပေါ့၊ ပြီးတော့ ကျွန်တော့်

mgyoe.com

mgyoe.com


ဘိုးဘွားတွေ၊ သူတို့ထဲက ၃ ဦးတော့ဆုံးသွားကြပြီ၊ ဘွားဘွားဘာတန်က အိမ်တစ်လုံးနဲ့နေတယ်၊ ဘာလို့ဆို သူက သူငယ်ပြန်ပြီး စိတ်မမှန်ဘူး၊ ကျွန်တော့်ကိုတောင် တီဗီထဲက တစ်ယောက်ယောက်လို့ထင်နေရှာတာ၊

နောက်တော့ သူတို့ကျွန်တော်အဖေရဲ့ဖုန်းနံပါတ်ကိုမေးပါတယ်၊ သူ့မှာဖုန်းနှစ်လုံးရှိတယ်လို့၊ တစ်လုံးကအိမ်ဖုန်း၊ တစ်လုံးကမိုဘိုင်း၊ ကျွန်တော်နှစ်လုံးစလုံးပေးလိုက်ပါတယ်၊ ရဲစခန်းက အခန်းထဲမှာ နေရတာ မဆိုးပါဘူး၊ တကယ်ပြည့်စုံတဲ့အခန်းပါပဲ၊ အလျား၊ အနံ၊ အမြင့် ၆ပေကျော်ကျော်စီ ရှိပါတယ်၊

ခန့်မှန်း ၈ ကုဗမီတာလောက်တော့ လေထုရှိတဲ့အခန်းဖြစ်ပြီး သံတိုင်ရှိတဲ့ တံခါးတစ်ခုနဲ့အတူ သူနဲ့အခြားတစ်ဖက်မှာတော့ သတ္တု တံခါးရှည်တစ်ခုနဲ့ အစာလင်ပန်း အသွင်းအထုတ်လုပ်ဖို့ ခပ်ကျဉ်း ကျဉ်းအပေါက်ကို ကြမ်းခင်းနားမှာ ရှိပါတယ်၊ အခြားချောင်းတဲ့ အပေါက်တစ်ခုက နည်းနည်းမြင့်ထားပြီး အထဲက အကျဉ်းသားတွေ ထွက်ပြေးမပြေးနဲ့ သေကြောင်းကြံမကြံ ရဲတွေက အပြင်က ချောင်းကြည့် နိုင်အောင်ပါ၊ ထိခိုက်မှုမရှိအောင် အခုအခံတွေနဲ့ ကာပိုးထားတဲ့ ခုံတန်း တစ်ခုလည်း ရှိပါတယ်။

ကျွန်တော်စဉ်းစားတယ် ကျွန်တော် ဒီကိစ္စမှာ ပတ်သက်နေရင် ဘယ်လိုများလွတ်အောင် လုပ်ရမှာပါလိမ့်မလဲပေါ့၊ ကျွန်တော်တော့ ခက်ခဲလိမ့်မယ်၊ ကျွန်တော့်မှာ ရှိတာဆိုလို့ အဝတ်အစားတွေနဲ့ကြိုးမပါ တဲ့ဖိနပ်ပဲရှိတယ်။

ကျွန်တော်အကောင်းဆုံး အစီအစဉ်ကို ဆုံးဖြတ်ချက်ချလိုက်တာ က နေကောင်းကောင်းသာတဲ့နေ့ကို စောင့်ဖို့ပါပဲ၊ ပြီးရင် ကျွန်တော် စာကြည့်မျက်မှန်ကို အသုံးပြုပြီး နေရောင်ခြည်ကို အဝတ်စတွေပေါ် စုစည်းပေးရင်း မီးလောင်စေဖို့ပါပဲ၊ သူတို့ မီးခိုးငွေ့တွေကို တွေ့ရင်

mgyoe.com

mgyoe.com



ကျွန်တော့်ကို အခန်းထဲက ဆွဲထုတ်မယ်၊ ကျွန်တော်ထွက်ပြေးလို့ရပြီပေါ့၊ တကယ်လို့များ သူတို့သတိမထားမိရင် အဝတ်ပေါ်က မဆိုစလောက်မီးကို ကျွန်တော်ငြိမ်းသတ်နိုင်ပါတယ်၊ ကျွန်တော်စိုးရိမ်မိတယ်၊ တကယ်လို့များ မစ္စစ်ရှီးယားစ်က ရဲတွေကို ဝယ်လင်တန်ကို ကျွန်တော်သတ်ပါတယ်လို့များ ပြောခဲ့ရင် အကြောင်းကြောင်းကြောင့် ရဲတွေက သူမလီဆယ်ပြီး ထွက်ဆိုခဲ့တယ် ဆိုတာသိသွားရင် သူမ ထောင်နန်းစံရမှာပဲ၊ ဘာလို့ဆို လူတွေအကြောင်း လိမ်လည်ပြောဆိုခြင်းဟာ အသရေဖျက်ခြင်း ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

(၂၉)

လူတွေစိတ်ရှုပ်ထွေးနေတာတွေ့ရတယ်။ အဓိကအကြောင်းရင်း နှစ်ခုရှိပါတယ်။

ပထမအကြောင်းရင်းက လူတွေကစကားကို အများကြီးတော့ ပြောတယ်၊ ဝေါဟာရတွေတော့မပါဘူး၊ ဆော့ဟာန်ကပြောတယ် တကယ် လို့ သင်မျက်ခုံးတစ်ဖက်ကို ပင့်လိုက်ရင် ဒါက အဓိပ္ပာယ်အမျိုးမျိုး ဖြစ်သွားနိုင်တယ်၊ အဓိပ္ပာယ်တစ်မျိုးဖွင့်နိုင်တာက 'ငါမင်းနဲ့အတူအိပ်ချင် တယ်' နဲ့အခြားတစ်ခုက 'ငါထင်တာက ငါသိပ်တုံးတယ်လို့ မင်းခုလေး တင် ပြောလိုက်သလားလို့"။

ဆော့ဟာန်ကပြောသေးတယ် 'မင်းပါးစပ်ကို ပိတ်ပြီး မင်းနှာခေါင်း ကတဆင့် အသက်ရှူသံပြင်းပြင်းထုတ်လိုက်ပြီဆိုရင် အဓိပ္ပာယ်က မင်းက သက်သောင့်သက်သာဖြစ်နေမယ်၊ တစ်နည်းအားဖြင့် ငြီးငွေ့နေ မယ်၊ နောက်တစ်နည်းအားဖြင့် ဒေါသတွေထွက်နေမယ်။ ဒါတွေအားလုံး က ဘယ်အပေါ်မူတည်လည်းဆိုတော့ မင်းနှာခေါင်းက လေ

mgyoe.com

mgyoe.com


ဘယ်လောက်ထုတ်လိုက်သလဲ၊ ဘယ်လောက်မြန်မြန်လဲ၊ မင်းပါးစပ်ကော ဒီလိုလုပ်ချိန် မှာဘယ်လိုပုံစံဖြစ်နေလဲ၊ မင်းဘယ်လိုပုံစံနဲ့ထိုင်နေလဲ၊ ဒီမတိုင်ခင်လေး မင်းဘာပြောလိုက်သလဲ၊ ရာနဲ့ချီတဲ့ အခြားအရာတွေက မိနစ်ပိုင်းကလေး မှာတင်ဒါတွေကို လေ့လာဖို့ အလွန့်အလွန် ရှုပ်ထွေးသွားစေနိုင်တယ်။

ဒုတိယအကြောင်းရင်းကတော့ လူတွေစကားပြောတဲ့အခါ ဥပစာတွေသုံးလေ့ရှိတယ်၊

ဒါတွေကဥပစာတွေရဲ့သာဓကတွေပါပဲ။

I laughed my socks off. (ငါခြေအိတ်ကျွတ်အောင်ရယ်ပစ်လိုက်တယ်)

He was the apple of her eye. (သူမမျက်စိထဲမှာတော့သူကပန်းသီးပဲ)

The had a skeleton in the cupbord. (ဗီရိုထဲမှာအရိုးစုတစ်စုံပဲရှိတယ်)

They dog was stone dead (ခွေးကခဲပစ်ခံရပြီးသေတာ)

ဥပစာဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က တစ်စုံတစ်ရာကိုတစ်နေရာက အခြားတစ်နေရာကို သယ်ဆောင်သွားခြင်းပဲ၊ ဂရိအက္ခရာကလာတာ μετα။

(အဓိပ္ပာယ်ကတစ်နေရာမှတစ်နေရာသို့)၊ ပြီးတော့ φερειν (အဓိပ္ပာယ်က သယ်ဆောင်ရန်) ဖြစ်တယ်။

သည်တော့ တစ်စုံတစ်ရာကိုဖော်ပြတဲ့အခါ စကားလုံးတစ်လုံးကိုအသုံးပြုပြီးသူနဲ့မသက်ဆိုင်တဲ့ အကြောင်းအရာတစ်ခုကို ဖော်ပြချင်တဲ့အခါမျိုးပေါ့၊ ဒါကဘာဆိုလိုလဲဆိုရင် ဥပစာဆိုတဲ့စကားလုံးဟာ တင်စားမှုပါပဲ၊ ငါထင်တာကဒါဟာမှသားတစ်ခုပဲ ဘာလို့ဆို ဝက်

mgyoe.com

mgyoe.com


တစ်ကောင်ဟာ နေ့တစ်နေ့နဲ့မဟုတ်သလို၊ လူတွေရဲ့ ဗီရိုတွေထဲမှာလည်းအရိုးစုမရှိနိုင်ဘူးလေ၊ ပြီးတော့စကားရပ်တစ်ခုကို ခေါင်းထဲမှာပုံဖော်ကြည့်ဖို့ကြိုးစားတဲ့အခါမှာ ကျွန်တော့်ကိုရှုပ်ထွေးလာစေတယ်၊ ဘာလို့လဲဆိုရင် ပန်းသီးတစ်လုံးဟာ တစ်စုံတစ်ယောက်ရဲ့ မျက်စိထဲမှာဆိုတာ လူတစ်ယောက်ကို အလွန်အမင်းနှစ်သက် သဘောကျတာကလွဲလို့မဖြစ်နိုင်ဘူးလေ၊ ပြီးတော့ ဒါကပဲ သင့်ကို ဒီလိုဘာကိုဆိုလိုပါလိမ့်ဆိုတဲ့အတွေးနဲ့မင်းကိုမေ့လျော့သွားစေတယ်။

ကျွန်တော်နာမည်လည်းတင်စားမှုတစ်ခုပါ၊ အဓိပ္ပာယ်က ခရစ်တော်ကို သယ်ဆောင်သူပါ၊ ဂရိစာပေကလာတာလေ χριστος ( Jesus Christ ကိုဆိုလိုတာ)နဲ့၊ φερειν ဒါတွေနဲ့ St. Christopher လို့နာမည် ပေးထားတာ၊ ဘာလို့လဲဆိုသူက Jesus ကို သယ်ပိုးပြီး မြစ်ကိုဖြတ်ကူး တဲ့သူကိုး။

ဒါနဲ့ပဲ Jesus ကိုသယ်ပိုးပြီးမြစ်ကိုဖြတ်မကူးခင်က သူ့နာမည်ဘာများဖြစ်မှာပါလိမ့်လို့ခင်ဗျားကိုအံ့ဩနေစေဦးမယ်၊ ဒါပေမဲ့ သူ့ကိုဘယ်လိုမှမခေါ်ဘူး၊ ဘာလို့လဲဆို ဒါကလည်း ကျုပ်ဇာတ်လမ်းလေ၊ ဆိုလိုတာ ဒါကလည်းလိမ်ညာခြင်းတစ်ခုပါပဲ။

အမေပြောလေ့ရှိတာက ခရစ်စတိုဖာဆိုတဲ့ အမည်အဓိပ္ပာယ်က အလွန်ကောင်းတဲ့နာမည်တစ်ခုပဲတဲ့၊ ဘာလို့ဆိုဒါက ပုံပြင်တစ်ပုဒ်ပါတဲ့၊ ကြင်နာတတ်ခြင်းနဲ့ကူညီတတ်ခြင်းကိုဆိုလိုတာတဲ့၊ ဒါပေမဲ့ ကျွန်တော်က နာမည်ကိုပုံပြင်ထဲက အဓိပ္ပာယ်ဖွဲ့သလို ကြင်နာတတ်ခြင်း ကူညီတတ်ခြင်းတွေနဲ့ အဓိပ္ပာယ်ဖွဲ့တာကို မလိုလားဘူး၊ ကျွန်တော့်နာမည်ရဲ့ဆိုလိုရင်းက ကျွန်တော်ပဲဖြစ်နေချင်ပါတယ်။

❑

mgyoe.com

mgyoe.com

(၃၁)

အချိန်ကနေ့ခင်း၁နာရီ၁၂မိနစ်ရှိပါပြီ၊ အဖေစခန်းကိုရောက်လာတော့ ၁နာရီ၂၈မိနစ်အထိသူ့ကို မတွေ့ရဘူး၊ ဒါပေမဲ့သူရောက်နေပြီဆိုတာသိတယ်၊ ဘာလို့ဆို သူ့အသံကိုကြားနေရတာကိုး၊

သူ အော်ဟစ်လိုက်တယ် "ကျုပ်သားကိုတွေ့ချင်တယ်" 'ဘာကြောင့် သူ့ကိုဖမ်းချုပ်ထားရတာလဲ' ပြီးတော့ "ဟုတ်တယ်၊ ကျုပ်အကြီးအကျယ် ဒေါသထွက်နေတယ်"

နောက်တော့ သူ့ကိုရဲသားတစ်ယောက်က စိတ်လျှော့ဖို့ဖျောင်းဖျနေတယ်၊ နောက်တော့အချိန်တော်တော်ကြာ ဘာသံမှမကြားရပြန်ဘူး၊

၁နာရီ၂၈မိနစ်မှာတော့ ရဲသားတစ်ယောက်က အချုပ်ခန်းတံခါးသော့ကိုလာဖွင့်ပါတယ်၊ ပြီးတော့ ကျွန်တော့်ကို တစ်ယောက်ယောက်ကတွေ့ချင်ကြောင်းပြောပြတယ်၊ ကျွန်တော်အပြင်လှမ်းထွက်လိုက်တယ်၊ အဖေကစင်္ကြံလမ်းမှာရပ်နေတယ်၊ သူ့လက်တစ်ဖက်ကိုဆန့်ပေးပြီးလက်ချောင်းလေးတွေကို ယပ်တောင်ဖြန့်သလိုဖြန့်လိုက်တယ်။ ကျွန်တော်

mgyoe.com

mgyoe.com


လည်းလက်ကိုဆန့်ထုတ်ပြီး လက်ချောင်းတွေကို လေထဲ ယပ်တောင်ဖြန့်သလိုဖြန့်ထုတ်လိုက်ပြီး ကျွန်တော်တို့ရဲ့လက်မတွေနဲ့ လက်ချောင်းအချင်းချင်း ထိလိုက်ကြတယ်။ ကျွန်တော်တို့ သည်အတိုင်း နှုတ်ဆက်လေ့ရှိတယ်၊ တစ်ခါတစ်ရံတော့ အမေကကျွန်တော့်ကို ပွေ့ဖက်နှုတ်ဆက်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က လူတွေနဲ့ ပွေ့ဖက်ရတာကို မကြိုက်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီအတိုင်း ပြောင်းသုံးကြတာပါ၊ ဒါလည်း သူ ကျွန်တော့်ကိုချစ်ကြောင်း ပြတာပါပဲ။

နောက်တော့ရဲသားက အခြားအခန်းကိုသွားဖို့ စင်္ကြံလမ်းအတိုင်း သူ့နောက်ကလိုက်ခဲ့ကြဖို့ ပြောလိုက်တယ်၊ အခန်းထဲမှာတော့စားပွဲတစ်လုံးနဲ့ကုလားထိုင်သုံးလုံးရှိတယ်၊ စားပွဲတစ်ဖက်မှာထိုင်ဖို့ပြောပြီး သူကတစ်ဖက်မှာထိုင်လိုက်ပါတယ်၊ စားပွဲပေါ်မှာတိတ်ရီကော့ဒါတစ်လုံးရှိတယ်၊ ကျွန်တော်ကမေးလိုက်တယ်၊ ကျွန်တော့်ကိုအမေးအဖြေအဖြေလုပ်ဖို့လား၊ သူကအသံဖမ်းထားမှာမို့လားလို့မေးလိုက်တယ်။

သူပြောတာက "အခြားအကြောင်းနဲ့ကတော့ ဒါကမလိုအပ်ဘူးထင်တယ်" တဲ့၊

သူကစစ်ဆေးရေး အရာရှိဖြစ်ပါတယ်။ ကျွန်တော်ပြောရဲတယ်ဘာလို့ဆို သူယူနီဖောင်းဝတ်မထားဘူးလေ၊ သူ့မှာအလွန်အမွေးရှည်တဲ့နှာခေါင်းလည်းရှိပါတယ်၊ အလွန်သေးငယ်တဲ့ကြွက်စုတ်နှစ်ကောင်နှာခေါင်းထိပ်မှာပြူတစ်ပြူတစ်လုပ်နေသလိုပါပဲ။

သူပြောတယ် 'ငါမင်းအဖေနဲ့စကားပြောကြည့်တော့ မင်းကရဲသားကြီးကိုရိုက်ဖို့မရည်ရွယ်ဘူးလို့ပြောတယ်' ဒါကမေးခွန်း မဟုတ်တော့ ကျွန်တော်ဖြေဖို့မလိုပါဘူး'

သူမေးလိုက်တယ် "မင်းရဲသားကြီးကိုရည်ရွယ်ချက်ရှိရှိရိုက်လိုက်တာလား"

mgyoe.com

mgyoe.com


ကျွန်တော်ပြောလိုက်တယ် "ဟုတ်တယ်" လို့။

သူ့မျက်နှာကိုဖျစ်ညှစ်လိုက်ပြီး "ဒါပေမဲ့မင်းသူ့ကို နာကျင်စေဖို့တော့မရည်ရွယ်ခဲ့ဘူးမဟုတ်လား"

ကျွန်တော်ဒါကိုတော့စဉ်းစားပြီးတော့မှ "မဟုတ်ပါဘူး ကျွန်တော်သူ့ကိုနာကျင်စေဖို့မရည်ရွယ်ပါဘူး၊ ကျွန်တော့်အသားကို ထိတာကိုရပ်ဖို့လုပ်တာသက်သက်ပါ"။

နောက်တော့သူပြောတာက "ရဲအရာရှိတစ်ယောက်ကို ရိုက်တာမှားတယ်ဆိုတာမင်းသိတယ်မဟုတ်လား"

ကျွန်တော်ဖြေလိုက်တယ် 'ကျွန်တော်သိပါတယ်'

သူစက္ကန့်အနည်းငယ်ငြိမ်သက်လိုက်ပြီးတော့မှမေးလိုက်တယ် "မင်းခွေးကိုသတ်ခဲ့သလားခရစ္စတိုဖာ"

ကျွန်တော် "ကျွန်တော်ခွေးကိုမသတ်ပါဘူး"။

သူပြောတယ် "ရဲအရာရှိတစ်ယောက်ကိုလိမ်လည်တာမှားမှန်းမင်းသိရဲ့လား၊ ဒါကြောင့်ဒါကိုကျူးလွန်ရင် မောင်ရင်ကြီးစွာသောပြဿနာတက်သွားနိုင်တယ်ဆိုတာကော"

ကျွန်တော် "ဟုတ်ကဲ့"

သူက "ဒါဆိုရင်မင်းခွေးကိုဘယ်သူသတ်တာသိလား"

ကျွန်တော် "မသိဘူး"

သူ "မင်းအမှန်အတိုင်းပြောတာလား"

ကျွန်တော် "ဟုတ်ကဲ့၊ ကျွန်တော် အမှန်အတိုင်း ပြောတယ်" ပြီးတော့သူက "ကောင်းပြီ ငါမောင်ရင့်ကို သတိပေးတားမြစ်စာပေးရလိမ့်မယ်"

ကျွန်တော်က "အဲဒါကကျွန်တော်သိမ်းထားရမယ့် အသိအမှတ်ပြုလွှာ စာရွက်စာတမ်းလိုမျိုးလား"

mgyoe.com

mgyoe.com


သူပြန်ဖြေတာက "မဟုတ်ဘူး၊ သတိပေးတားမြစ်စာဆိုတာက ငါတို့သိမ်းဆည်းထားရမယ့် မင်းပြုမူခဲ့တာရဲ့မှတ်တမ်းတစ်ခုပဲ၊ ဒါက မင်း ပုလိပ်အရာရှိတစ်ဦးကိုတိုက်ခိုက်ခဲ့တယ်၊ ဒါဟာမတော်တဆဖြစ်တဲ့ အကြောင်း၊ သူ့ကိုနာကျင်စေဖို့မရည်ရွယ်ခဲ့ကြောင်း မှတ်တမ်းတစ်ခုပဲ။"

ကျွန်တော် "ဒါကမတော်တဆမဟုတ်ဘူးလေ"

နောက်တော့အဖေက "ခရစ္စတိုဖာ၊ခဏလေး"

ရဲအရာရှိက ပါးစပ်ပိတ်ပြီးသူ့နှာခေါင်းက သက်ပြင်းတစ်ချက် ကျယ်လောင်စွာမှုတ်ထုတ်လိုက်ရင်း "မင်းတကယ်လို့ ပြဿနာထပ်ရှာ ခဲ့ရင် မင်းမှတ်တမ်းကိုဆွဲထုတ်ပြီး မင်းအရင်ကရရှိထားတဲ့ တားမြစ်စာ အရ မင်းအမှုကိုပိုပြီးလေးလေးနက်နက် ကိုင်တွယ်သွားရလိမ့်မယ်၊ မင်းငါ ပြောတာ သဘောပေါက်ရဲ့လား"

ကျွန်တော်က သဘောပေါက်ပါတယ်လို့ပြန်ဖြေလိုက်တယ်။

သူက ကျွန်တော်တို့ သွားနိုင်ပြီလို့ ပြောလိုက်တယ်၊ ပြီးတော့ ထရပ်ပြီး တံခါးဖွင့်ပေးတယ်၊ ကျွန်တော်တို့ စင်္ကြံလမ်းအတိုင်းလျှောက် လာပြီးရုံးရှေ့စားပွဲကိုပြန်လာပါတယ်၊ ကျွန်တော်ရဲ့မောင်းချအား၊ ကျွန်တော်ရဲ့ကြိုးအပိုင်းအစ၊ သစ်သားပဟေဠိတုံး၊ တိုဘီကြွက်ကလေး အတွက် ကြွက်အစာတောင့်၃ခု၊ ကျွန်တော့်ပိုက်ဆံ ၁.၄၇ပေါင်၊ စာရွက် ညှပ်ကလစ်၊ ကျွန်တော်အိမ်ရှေ့တံခါးသော့ စတာတွေကိုယူတယ်။ ဒါတွေ အားလုံးကိုပလတ်စတစ်အိတ် အသေးထဲမှာ ထည့်ထားတာပါ၊ ပြီးတော့အပြင်မှာရပ်ထားတဲ့ အဖေ့ကားဆီ လျှောက်ထွက်လာကြပြီး မောင်းထွက်လာခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com

(၃၇)

ကျွန်တော်မုသားမပြောဘူး၊ အမေပြောလေ့ရှိတယ်၊ ဒါက ကျွန်တော်ဟာ လူကောင်းတစ်ယောက်ဖြစ်လို့မို့ပါတဲ့၊ ဒါပေမဲ့ ဒါဟာ ကျွန်တော်လူကောင်းတစ်ယောက်ဖြစ်ရခြင်းကြောင့် မဟုတ်ပါဘူး၊ အကြောင်းရင်းက ကျွန်တော်မုသားမပြောတတ်တာပါ။

အမေကလူကောင်သေးသေးလေးပါ၊ ကိုယ်နံ့လည်း သင်းနေတာပါပဲ၊ ပြီးတော့ရုံဖန်ရံခါ ပန်းရောင်သိုးမွေးထည်မျိုးဝတ်တတ်ပြီး ဇစ်ကိုဆွဲချထားလေ့ရှိတယ်၊ ဘဲ့ဟော့စ်ဆိုတဲ့တံဆိပ် ပိစိညှောက်တောက်ကလေးကတော့ ဘယ်ဘက်ရင်အုံပေါ်မှာပါ။

မုသားဆိုတာမဖြစ်ခဲ့တာကိုတစ်စုံတစ်ခုဖြစ်ခဲ့တယ်လို့ ပြောတာ ဒါပေမဲ့၊ သီးခြားအချိန်သီးခြားနေရာတစ်ခုခုမှာတော့ တစ်စုံတစ်ခုက အမှန်တကယ်ဖြစ်လေ့ရှိပါတယ်၊ ပြီးတော့မရေမတွက်နိုင်တဲ့ အဖြစ်မျိုးတွေတော့ သီးခြားသတ်မှတ်ထားတဲ့ အချိန်နဲ့ နေရာတွေမှာ ဖြစ်လေ့မရှိပါဘူး၊ တစ်စုံတစ်ခုသောဖြစ်ပျက်ခြင်းမရှိခဲ့တဲ့ အကြောင်းအရာကို

mgyoe.com

mgyoe.com


ကျွန်တော်တွေးခဲ့မယ်ဆိုရင်ဖြစ်လေ့မရှိတဲ့ အခြားအရာတွေကိုပါ ကျွန်တော်ပြန်တွေးလေ့ရှိတယ်။

ဥပမာအားဖြင့် သည်မနက်နံနက်စာကို ရယ်ဒီဘရက်နဲ့ ရက်စဘယ်ရီနို့ပူပူတစ်ခွက်ကို သောက်သုံးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က ပြောမယ် ကျွန်တော်တကယ့်ကို ရှရက်ဒီရယ်လက်ဖက်ရည်မက်ခွက် တစ်ခွက်ရယ်ဆိုရင် ကျွန်တော်စတွေးနေမယ်၊ ကိုကိုးပေါ့နဲ့ လင်မနစ်ရည် အကြောင်း၊ ဆန်ပြုတ်နဲ့ဒေါက်တာပက်ပါ၊ ပြီးတော့အီဂျစ်မှာတုန်းက နံနက်စာမစားခဲ့တာတွေ၊ အခန်းထဲမှာကြွံတစ်ကောင်မရှိတာတွေ၊ အဖေ ဒိုင်ဗင်ဝတ်စုံမဝတ်တာတွေ၊ စသည်စသည်ဖြင့်ပေါ့၊ သည်အကြောင်း ပြန်ရေးတာနဲ့တင် ကျွန်တော်တုန်လှုပ်လာပြီးစိတ်မှာကြောက် လာတော့ တယ်၊ ကျွန်တော်အမြင့်ဆုံးအဆောက်အအုံရဲ့ အပေါ်ထိပ်မှာ ရပ်နေရ သလိုမျိုးပေါ့၊ ပြီးတော့အိမ်၊ ကားနဲ့လူထောင်ပေါင်းများစွာက ကျွန်တော့် အောက်မှာရောက်နေသလို ခံစားရပါတယ်၊ ကျွန်တော် ခေါင်းထဲမှာ လည်း အဲဒီကျွန်တော်ကြောက်တဲ့ အရာအားလုံး ပြည့်နေပြီးတော့ မတ်မတ်မှမရပ်နိုင်တော့ဘဲ သံတန်းကိုအားပြုနေရသလို ပြီးတော့ ကျွန်တော်အောက်ကိုပြုတ်ကျပြီး သေတော့မလိုခံစားရပါတယ်။

ဒါကကျွန်တော့်ရဲ့သာမန်ဝတ္ထုတွေကို မကြိုက်နှစ်သက်ရတဲ့ အကြောင်းပြချက်တစ်ခုပေါ့၊ ဘာလို့ဆိုအဲဒါအားလုံးက မဖြစ်တာကို အဖြစ်လုပ်ပြီး လံကျုတ်ရေးထားတဲ့ဟာတွေပဲလေ၊ အဲဒါတွေက ကျွန်တော်ကို တုန်လှုပ်ပြီးကြောက်စိတ်ဝင်စေပါတယ်။

ဒါကြောင့် ဒီမှာကျွန်တော်ရေးသားဖော်ပြမယ့် အကြောင်းအရာ တိုင်းဟာ အဖြစ်မှန်တွေချည်းပါပဲ။

❑

mgyoe.com

mgyoe.com

(၄၁)

အိမ်အပြန်လမ်းရဲ့ကောင်းကင်မှာတိမ်တွေနဲ့ဆိုတော့ ကျွန်တော်နဂါးငွေ့တန်းကိုမမြင်ရပါဘူး။

ကျွန်တော်က "စိတ်မကောင်းပါဘူးအဖေ" လို့ပြောလိုက်တယ်။ ကျွန်တော့်အတွက်နဲ့အဖေရဲ့စခန်းကိုလိုက်လာရလို့ပါ ဆိုးတာပဲ။

သူက "ရပါတယ်" တဲ့။

ကျွန်တော် "ခွေးကိုကျွန်တော်မသတ်ပါဘူး" ဆိုတော့ "ငါသိပါတယ်" တဲ့ ပြီးတော့အဖေက "ခရစ္စတိုဖာ၊ ပြဿနာထဲဝင်မပါပါနဲ့နော်၊ အိုခေလား"

ကျွန်တော်က "ကျွန်တော်မသိဘူးအဖေ၊ ပြဿနာထဲကျွန်တော်ပါနေလားဆိုတာကို၊ ကျွန်တော်က ဝယ်လင်တန်ကိုချစ်တယ်၊ ဒါနဲ့နှုတ်ဆက်ဖို့သွားတာ၊ ဒါပေမဲ့ တစ်ယောက်ယောက်က သူ့ကိုသတ်ထားတာကျွန်တော်မသိလိုက်ဘူး"

အဖေက "ဓားခုတ်ရာ လက်ဝင်မလျှိုစမ်းပါနဲ့ကွာ"

mgyoe.com

mgyoe.com



ကျွန်တော်ကခဏလောက်စဉ်းစားပြီးမှ "ဝယ်လင်တန်ကိုဘယ်သူသတ်သွားလဲဆိုတာ ကျွန်တော်ဖော်ထုတ်မယ်"

အဖေ "ငါပြောတာကိုနားထောင်မလားခရစ္စတိုဖာ"

ကျွန်တော် "ဟုတ်ကဲ့၊ အဖေပြောတာ ကျွန်တော်နားထောင်နေပါတယ်၊ ဒါပေမဲ့ တစ်ယောက်ယောက်သတ်သွားတယ်ဆိုရင်တော့ လုပ်တဲ့သူကို အဖေဖော်ထုတ်ပြီး အပြစ်ပေးသင့်တာပေါ့၊"

သည်တော့အဖေက "ခုဟာက ခွေးတစ်ကောင်ပဲလေ ခရစ္စတိုဖာ၊ ခွေးပဲဉစ္စာ"

ကျွန်တော်က "ခွေးလည်းခွေးအလျောက်အဖိုးတန်တာပါပဲ"

သူက "ထားလိုက်ပါ" လို့ပြောတော့

ကျွန်တော် "ပုလိပ်တွေကခွေးသတ်တဲ့သူကိုဖော်ထုတ်ပြီး အပြစ်ပေးမှာကိုကျွန်တော်စိတ်ဝင်စားတယ်အဖေ"။

ဒါနဲ့အဖေက ကားစတီရီယာရင်ကိုလက်သီးနဲ့ပြင်းပြင်းထုချလိုက်တော့ ကားကလမ်းကြောင်းနည်းနည်းတိမ်းသွားပြီး လမ်းအလယ်က မျဉ်းဖြတ်ကိုအနည်းငယ်ကျော်သွားတယ် ပြီးတော့ သူအော်ပါလေရောလား "အလိုဘုရားရေငါပြောနေတယ်ထားလိုက်ပါလို့"။

ကျွန်တော်သိတယ် အဖေစိတ်ဆိုးနေပြီဆိုတာ၊ ဘာလို့ဆိုသူအော်ဟစ်နေတာကိုး၊ ဒါနဲ့ကျွန်တော်လည်းသူ့ကို ဒေါသမထွက်စေချင်တာနဲ့အိမ်ရောက်တဲ့အထိ စကားတစ်ခွန်းမှ မဟဘဲနေလိုက်တယ်။

ကျွန်တော်တို့ အိမ်ရှေ့ပေါက်ကအိမ်ထဲဝင်ပြီးတော့ ကျွန်တော်က မီးဖိုချောင်ထဲဝင်သွားလိုက်တယ်၊ ပြီးတော့ တိုဘီအတွက်မုန်လာဥနီတစ်ခုယူပြီးတော့ အပေါ်ထပ်ကျွန်တော့်အခန်းထဲဝင်ပြီး အခန်းတံခါးပိတ်လိုက်ပါတယ်၊ ပြီးတော့ တိုဘီကိုအခန်းပြင်ထုတ်ပြီး မုန်လာဥနီကိုချကျွေးလိုက်တယ်၊ နောက်တော့ ကျွန်တော်ကွန်ပျူတာကိုဖွင့်ပြီး

mgyoe.com

mgyoe.com


မိုင်းရှင်းဂိမ်းကို ၇၆ ခါကစားပြီးတော့ ကျွမ်းကျင်အဆင့်ကို ၁၀၂စက္ကန့်နဲ့လုပ်နိုင်ခဲ့တယ်၊ ကျွန်တော့်အကောင်းဆုံးကြာချိန်က ၉၉စက္ကန့်ဆိုတော့ ၃စက္ကန့်တော့ ပိုသွားတာပေါ့လေ။

နံနက် ၂နာရီ၇၂မိနစ်ပါ။ ကျွန်တော်သွားတိုက်ပြီး အိပ်ရာမဝင်ခင် လိမ္မော်ရည်တစ်ခွက်လောက်သောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ အောက်ထပ်မီးဖိုချောင်ဆီ ဆင်းလာလိုက်တယ်၊ အဖေက ဆိုဖာပေါ်ထိုင်ပြီး စကော့ဝီစကီသောက်ရင်းနဲ့ တီဗွီကလာတဲ့စနူကာပွဲကိုကြည့်နေတယ်။ သူ့မျက်လုံးမှာတော့ မျက်ရည်တွေနဲ့ပါ။

ကျွန်တော်မေးလိုက်တယ် "အဖေကဝယ်လင်တန်အတွက် ဝမ်းနည်းနေတာလား" လို့

သူကျွန်တော်ကို ခပ်ကြာကြာစိုက်ကြည့်ပြီးတော့ ပြောတာက

"အေး ခရစ္စတိုဖာ၊ မင်းဒီလိုပြောနိုင်လိုက်တာ၊ မင်းသိပ်ကိုပြောနိုင်တာပဲ"

ကျွန်တော်သူ့ကို တစ်ယောက်တည်းထားလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဘာလို့ဆို ကျွန်တော်ဝမ်းနည်းရင်လည်း ကျွန်တော် တစ်ယောက်ထဲ ရှိနေချင်တယ်၊ ဒါကြောင့် ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ မီးဖိုချောင်ထဲဝင် လိမ္မော်ရည်ဖျော်ပြီးတော့ အပေါ်ထပ်က ကျွန်တော့် အခန်းဆီပြန်လာခဲ့တယ်။

❑

mgyoe.com

mgyoe.com

(၄၃)

လွန်ခဲ့တဲ့၂နှစ်ကအမေဆုံးခဲ့ပါတယ်။

တစ်နေ့ ကျွန်တော်ကျောင်းကအိမ်ပြန်တော့ တံခါးမှာ ကျွန်တော့်ကိုဘယ်သူမှပြန်မဖြေဘူး၊ ဒါနဲ့ကျွန်တော်မီးဖိုချောင်တံခါးနောက်က ပန်းအိုးထဲဝှက်ထားတဲ့ သော့ကိုသွားရှာပြီး အိမ်ထဲဝင်ခဲ့တယ်၊ ပြီးတော့ Airfix Sherman တင့်ကားမော်ဒယ် တစ်ခုကိုဆက်ပြီးတည်ဆောက်နေလိုက်တော့တယ်၊

တစ်နာရီခွဲလောက်အကြာမှာ အဖေအိမ်ပြန်လာပါတယ်၊ အဖေဟာသူ့အလုပ်သမားရိုဒီရီဆိုသူနဲ့ အတူအနွေးပေးစနစ်ထိန်းသိမ်းခြင်းနဲ့ ဘွိုင်လာရေနွေးငွေ့အိုးပြုပြင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေပါတယ်။ အဖေဟာ ကျွန်တော့်အခန်းတံခါးကိုဖွင့်ပြီး ကျွန်တော်အမေ့ကိုတွေ့လိုက်သလားလို့မေးတယ်။

ကျွန်တော်မမြင်မိဘူးလို့ ပြောတော့ အောက်ထပ်ဆင်းပြီး ဖုန်းတွေလိုက်ဆက်နေပါတော့တယ်။ ဘာပြောတယ်ဆိုတာကတော့ ကျွန်တော်

mgyoe.com

mgyoe.com


အခန်းကနေမကြားရပါဘူး၊ ဒီနောက် ကျွန်တော့်အခန်းကို အဖေတက်လာပြီး သူအပြင်ခဏထွက်မှာဖြစ်ပြီး ဘယ်လောက်ကြာမှာမသိကြောင်း ပြောပါတယ်။ တကယ်လို့ ကျွန်တော်အကြောင်းကိစ္စရှိရင် သူ့ဟာမ်းဖုန်းကို လှမ်းခေါ်နိုင်ကြောင်းပြောပါတယ်။

အဖေသွားတာ ၂ နာရီခွဲလောက်ကြာပါတယ်။ သူပြန်လာတော့ ကျွန်တော်အောက်ထပ်မှာပါ၊ သူဟာ မီးဖိုချောင်မှာထိုင်နေရင်းကနေ တံခါးကိုကျော်ပြီး ဥယျာဉ်ထဲကရေကန်ရယ်၊ သွပ်ပြားနဲ့ကာထားတဲ့ ခြံစည်းရိုးရယ်၊ မန်းစတက်လမ်းပေါ်ကရဲတိုက်နဲ့ တူတဲ့ဘုရားကျောင်းရဲ့ မျှော်စင်ကိုငေးကြည့်နေပါတယ်။ တူမှာပေါ့ အဲဒါ နော်မန်ဗိသုကာ လက်ရာလေ။

အဖေကပြောတယ် "ငါထင်တယ် မင်းအမေကို မင်းတော်တော် ကြာကြာလေးတွေ့နိုင်မှာမဟုတ်ဘူး" သူအဲဒီစကားပြောနေတုန်း ကျွန်တော်မျက်နှာကို မကြည့်ပါ။ ပြတင်းပေါက်ကနေအပြင်ကိုပဲ ကြည့်နေပါတယ်။

ထုံးစံကတော့လူတွေစကားပြောရင် မျက်လုံးကြည့်ပြီး ပြောတတ်ကြတယ်။ ကျွန်တော်သိပါတယ် ကျွန်တော်ဘာတွေတွေးနေလဲဆိုတာ ကိုကြည့်ပြီး တွက်ချက်နေကြတာပါ။ ဒါပေမဲ့ သူတို့ဘာတွေတွေးနေလဲ ဆိုတာတော့ ကျွန်တော်မပြောနိုင်ပါဘူး၊ ဘာနဲ့တူလဲဆိုတော့ စပိုင်ဇာတ်လမ်းတွေထဲက တစ်ဖက်ပဲမြင်ရတဲ့ မှန်ရှိတဲ့အခန်းလိုပေါ့။ ဒါပေမဲ့ ကျွန်တော့်ကိုမကြည့်ဘဲ ပြောနေတာဆိုပေမဲ့ အဖေကျွန်တော့်ကို စကားပြောနေတာကောင်းပါတယ်လေ။

ကျွန်တော်က "ဘာဖြစ်လို့လဲ"

သူအကြာကြီးနေတော့မှ "မင်းအမေဆေးရုံတင်ထားလိုက်ရတယ်"

mgyoe.com

mgyoe.com


"ကျွန်တော်သူ့ကို သွားကြည့်နိုင်မလား" လို့ မေးလိုက်ပါတယ်။ ဘာလို့ဆို ကျွန်တော်က ဆေးရုံယူနီဖောင်းနဲ့ စက်တွေကို သဘောကျတယ်လေ။

အဖေ "ဟင့်အင်း"

ကျွန်တော် "ဘာလို့လဲ"

အဖေ "သူအနားယူဖို့ လိုတယ်၊ သူ့ဘာသာသူနားပါစေ"

ကျွန်တော် "စိတ်အထူးကုဆေးရုံလား"

အဖေ "မဟုတ်ဘူး၊ ရိုးရိုးဆေးရုံပါပဲ၊ သူ့မှာရောဂါ... နှလုံးနဲ့ ပတ်သက်တဲ့ ပြဿနာရှိတယ်"

ကျွန်တော်က "ကျွန်တော်တို့ သူ့ကို အစားအသောက်တွေသွားပို့ဖို့ လိုလိမ့်မယ်" လို့ ပြောလိုက်တယ်၊ ဘာလို့လဲဆိုဆေးရုံကအစားအသောက်တွေသိပ်မကောင်းဘူးဆိုတာ ကျွန်တော်သိတယ်လေ၊ ကျောင်းက ဒေးဗစ်ဆိုပါတော့ သူခြေထောက်လမ်းကောင်းကောင်း လျှောက်နိုင်ဖို့အတွက် ဆေးရုံတက်ခဲ့စိတ်လိုက်ရတယ်။ ဒါနဲ့ သူအစားအသောက်ကို တော်တော်မုန်းသွားတယ်၊ ဒါနဲ့သူ့အမေကနေ့တိုင်း ဆေးရုံသွားပြီး အစားအသောက်ပို့ခဲ့ရတယ်လေ။

အဖေနောက်တစ်ခါအကြာကြီး ငြိမ်နေပြီးတော့ပြောတယ်"အဖေ မင်းကျောင်းသွားတဲ့နေ့ခင်းဘက် သူ့အတွက်နည်းနည်းယူသွားမယ်၊ ဟိုမှာ ဆရာဝန်တွေကိုပေးခဲ့မယ်၊ သူ့တို့ကမင်းအမေဆီပို့ပေးမှာပေါ့၊ အိုခေ"

ကျွန်တော် "ဒါပေမဲ့ အဖေမှမချက်နိုင်တာ"

အဖေက သူ့လက်တွေကို မျက်နှာပေါ်တင်ပြီး "ခရစ္စတိုဖာ၊ ဒီမှာ အဖေ မက်အင်စပင်ဆာ ဆိုင်ကအစားအသောက်တွေ ဝယ်သွားမှာပါ၊ သူအဲဒီကဟာကြိုက်တယ်လေ"

mgyoe.com

mgyoe.com


ကျွန်တော်အမေ့အတွက် ဆုတောင်းကတ်ပြားလုပ်ပေးမယ်လို့ ပြောလိုက်တယ်၊ ဆေးရုံတက်နေတဲ့လူတွေအတွက် လုပ်ပေးလေ့ရှိတဲ့ ဆုတောင်းကတ်ပြားပါ။

အဖေကနောက်နေ့ယူသွားပေးမယ်လို့ ပြောပါတယ်။

❑

mgyoe.com

mgyoe.com

(၄၇)

နောက်တစ်နေ့မနက် ကျောင်းသွားတဲ့ ဘတ်စ်ကားပေါ်မှာပါ၊ ကျွန်တော်တို့ အနီရောင်ဘတ်စ်ကား ၄ စီးကို တစ်ဆက်တည်း ဖြတ်ကျော်ခဲ့ပါတယ်။ အဲဒါက ကောင်းသောနေ့လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ ဝယ်လင်တန်အတွက် ဝမ်းနည်းမနေဖို့ပါ၊ မစ္စတာယေဗွန်ဆိုသူ ကျောင်းက စိတ်ပညာရှင်တစ်ဦးက တစ်ခါက ကျွန်တော့်ကို မေးဖူးတယ်၊ ဘာကြောင့် အနီရောင်ကား ၄ စီး တစ်ဆက်တည်းက ကောင်းသောနေ့ကို ဖြစ်စေသလဲပေါ့။ ပြီးတော့ အနီရောင်ကား ၃စီး တစ်ဆက်တည်းက ဘာကြောင့် ငြိမ်သက်သော နေ့ရက်ကောင်းတစ်ခု ဖြစ်စေပြီး အနီရောင် ကားတန်း ၅ စီးက တကယ့်နေ့ကောင်းရက်သာဖြစ်စေကာ အနက်ရောင်ကား ၄စီး တစ်တန်းက ဘာကြောင့် ပြဿဒါးရက် ဖြစ်စေလို့လဲလို့။

ကျွန်တော်တစ်ယောက်တည်း ဘယ်သူ့မှ စကားမပြော၊ နေ့လယ်စာမစားဘဲ ကိုယ့်ဘာသာစာတွေထိုင်ဖတ်၊ အရဲမစွန့်ဘဲလည်း

mgyoe.com

mgyoe.com


နေလိုက်တယ်။ သူက ကျွန်တော်ဟာ အလွန်အကျိုးသင့်အကြောင်းသင့် တွေးခေါ်တတ်တဲ့သူ ဖြစ်ကြောင်းသိသာပါတယ်တဲ့၊ ဒါကြောင့် သူအံ့ဩတာက ဒါဟာ ယုတ္တိမတန်ဘူးလို့ ကျွန်တော်တွေးလိုက်မှာကိုပဲတဲ့။

ကျွန်တော် ပြောတာက အရာတွေအားလုံး သူ့အစီအစဉ်အတိုင်း ဖြစ်နေတာကို သဘောကျတယ်ဆိုတာကိုပါပဲ၊ တစ်နည်းအားဖြင့် အရာအားလုံး သူ့အစီအစဉ်အတိုင်း ဖြစ်နေတာ ယုတ္တိတန်တယ်လို့ ဆိုလိုတာပါ။ အထူးသဖြင့် အဲဒီအရာတွေက နံပါတ်ဂဏန်းတွေ အကြောင်းပြချက်တွေ ဖြစ်ခဲ့ရင်ပေါ့လေ။ ဒါပေမဲ့ အရာရာကို အစီအစဉ်အတိုင်း ကောင်းစွာရှိဖို့ အခြားနည်းလမ်းတွေရှိပါတယ်။ ပြီးတော့ ဒါတွေက ကျွန်တော့်မှာ ဘာကြောင့် ရက်ရာဇာ၊ ပြဿဒါးတို့ ရှိခဲ့ကြတယ် ဆိုတာပါပဲ၊ ပြီးတော့ ကျွန်တော်ပြောတာက ရုံးအလုပ်လုပ်တဲ့သူ နံနက်စောစော အိမ်ကထွက်လာရင် တောက်ပတဲ့ နေရောင်ခြည် တောက်ပနေတာကို မြင်ရရင် သူ့စိတ်ကို ပျော်ရွှင်စေတာပါပဲ၊ ဒါမှမဟုတ် မိုးရွာနေတာကို မြင်ရင်တော့ သူ့ကို စိတ်ညစ်သွားမှာပါပဲ၊ ဒါပေမဲ့ ခြားနားမှုတစ်ခု ကတော့ ရာသီဥတုအခြေအနေပါပဲ။ တကယ်လို့များ ရုံးမှာ အလုပ်လုပ်နေတဲ့အချိန်ဆိုသည် ရာသီဥတုက သူတို့အတွက် ရက်ရာဇာလား ပြဿဒါးလားဆိုတာနဲ့ ဘယ်လိုမှ ပတ်သတ်မှာမဟုတ်ဘူး၊ ကျွန်တော် က ကျွန်တော့်အဖေ အိပ်ရာထချိန်ဆို သူက ခြေအိပ်မစွပ်ခင် ဘောင်းဘီကို အရင်ဝတ်လေ့ရှိတယ်၊ ဒါဟာ ကျိုးကြောင်းဆင်ခြင်မှု တော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူ အမြဲတမ်းအဲလိုပဲ လုပ်တယ်၊ ဘာလို့ဆို သူကလည်း အစီအစဉ်တစ်ကျ ဖြစ်တာကို နှစ်သက်သူမို့ပါ။ ထို့အတူ အဖေ အပေါ်ထပ်တက်တဲ့အခါ ၂ နာရီမှာ တက်လေ့ရှိတယ်။ တက်တိုင်းလည်း ညာဘက်ခြေထောက်ကို စလှမ်းတက်တတ်တယ်။

မစ္စတာ ယေဗွန်ကပြောတယ်၊ ကျွန်တော်က တကယ့်ကို လိမ္မာ

mgyoe.com

mgyoe.com


ပါးနပ်တဲ့သူပဲတဲ့။

ကျွန်တော်က ဒီလောက်မဟုတ်ပါဘူးလို့ ပြောလိုက်တယ်၊ ကျွန်တော်က အရာရာဖြစ်ပျက်နေတာကို သတိထားကြည့်ရုံပါပဲလို့၊ ဒါဟာလည်း လိမ္မာပါးနပ်တယ်လို့ မဆိုနိုင်ပါဘူး၊ ဒါဟာ စူးစမ်းမှု တစ်ခုသာဖြစ်ပါတယ်။ လိမ္မာပါးနပ်တယ်ဆိုတာ အရာရာကို ရှုမြင်တဲ့အခါ ရရှိလာတဲ့အထောက်အထားနဲ့ အသစ်တစ်ခုခုကို ဖော်ထုတ်တင်ပြနိုင်ဖို့ပါပဲ။

စကြဝဠာကြီး ကျယ်ပြောလာသလို၊ ဒါမှမဟုတ် လူသတ်မှု ကျူးလွန်ခဲ့သလိုမျိုးပေါ့။ ဒါမှမဟုတ် သင်လူတစ်ယောက်ရဲ့နာမည်ကို ၁ ကနေ ၂၆အထိ (A=1, B=2, စသည်ဖြင့်)

ပြီးတော့ခေါင်းထဲမှာ မှတ်ထားလိုက်ရင် သုဒ္ဓကိန်းတွေဖြစ်လာလိမ့်မယ်၊ ဥပမာယေရှုခရစ်(၁၅၁)၊ ဒါမှမဟုတ်စကော်ဘီဒို (၁၁၃)၊ ဒါမှမဟုတ်ရှားလော့ဟုမ်းစ်(၁၆၃) ဒါမှမဟုတ်ဒေါက်တာဝပ်ဆင်(၁၆၇)၊

မစ္စတာယေဗွန်က ကျွန်တော့်ကိုမေးတယ်၊ အရာအားလုံးဟာ အစီအစဉ်တကျကောင်းစွာ ဖြစ်မယ်ဆိုရင် သင့်ကိုလုံခြုံတယ်လို့ ခံစားရပါသလားတဲ့၊ ကျွန်တော်ကခံစားရပါတယ်လို့၊ ဒါနဲ့ သူကအရင်ကအရာရာပြောင်းလဲမှုကို မကြိုက်နှစ်သက်ခဲ့ဘူးမဟုတ်လားတဲ့၊ သည်တော့ ကျွန်တော်က ကျွန်တော်သာအာကာသယာဉ်မှူးတစ်ဦးဖြစ်ခဲ့ရင် အရာရာပြောင်းလဲမှုကို ခေါင်းထဲမထည့်ပါဘူးလို့၊ ဥပမာအားဖြင့် သင့်ကိုမိန်းကလေးတစ်ယောက်ဖြစ်ခဲ့လျှင် ဒါမှမဟုတ် သေသွားသည်ရှိသော် ဆိုတာကလွဲပြီးသင့်မှာအကြီးအကျယ်သောပြောင်းလဲမှုဆိုတာ ခင်ဗျားတွေးကြည့်လိုက်လေ။

သူကကျွန်တော့်ကို အာကာသယာဉ်မှူးတစ်ယောက်ဖြစ်ချင်ပါသလားလို့မေးတော့ ကျွန်တော်ကဖြစ်ချင်ပါတယ်လို့ ပြောလိုက်တယ်။
mgyoe.com

mgyoe.com


သူက အာကာသယာဉ်မှူးတစ်ယောက်ဖြစ်ဖို့ဆိုတာ တော်တော်ခက်တယ်တဲ့၊ ကျွန်တော်က သိပါတယ်လို့ ပြောလိုက်တယ်၊ သင်ဟာ အာကာသယာဉ်မှူးဖြစ်ဖို့ဆို ပထမဆုံးလေတပ်မှ အရာရှိဖြစ်ရမယ်။ အမိန့်မျိုးစုံကို နာခံတတ်ရမယ်၊ ပြီးတော့ အခြားလူသားတွေကို သေစေနိုင်တာမို့လည်း ပြင်ဆင်ထားရမယ်။ ပြီးတော့ ကျွန်တော်ကအမိန့်မနာခံတတ်ဘူးလေ။ ပြီးတော့ ကျွန်တော့်မှာ ပိုင်းလော့တစ်ယောက်မှာ ရှိသင့်တဲ့ ၂၀/ ၂၀ အမြင်အာရုံလည်းမရှိဘူး။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျား ဖြစ်ချင်နေသေးတဲ့အရာတွေဖြစ်လာမယ့်ပုံမရပါဘူးလို့ ပြောလိုက်တယ်။

တယ်ရီဆိုတဲ့ကျောင်းကဖရန့်ဆစ်ရဲ့ အစ်ကိုကြီးကကျွန်တော့်ကို ပြောတာက ကျွန်တော်ဟာ ကုန်တိုက်ကြီးတွေကဈေးတွန်းလှည်းတွေ သိမ်းပေးတဲ့အလုပ်လောက်ပဲ ရနိုင်တယ်တဲ့၊ ပြီးတော့ တိရစ္ဆာန်ဆေးမဲ့ စခန်းကမြည်းချေးကျုံးတဲ့ အလုပ်လောက်တော့ရနိုင်တယ်ပေါ့။ သူတို့က ပေါင်းသန်းထောင်ချီတန်တဲ့ စပေဇာနဲ့ ပစ်တဲ့လက်နက်တော့ဘယ်ကိုင်ခိုင်းပါ့မလဲတဲ့။

ကျွန်တော်အဖေ့ကို ဒီကိစ္စပြောပြတော့ ဖရန့်ဆစ်ထက်သားက ပိုလိမ္မာပါးနပ်တော့ သူကသားကို မနာလိုဖြစ်တာပါလို့ ပြောတယ်။ သူက ကိုယ့်ပြိုင်ဘက်တစ်ဦးမဟုတ်တော့ ဒါကိုခေါင်းထဲထည့်စရာ မလိုပါ ဘူးလို့ ပြောတယ်၊ ဒါပေမဲ့ တယ်ရီကတော့ မိုက်မဲပါတယ်၊ so quod erat demonstradum လို့ခေါ်တယ်၊ လက်တင်လို့ အဓိပ္ပာယ်က အရာရာက သူ့အကြောင်းနဲ့သူ ဖြစ်သွားတာပဲလေ၊ အဲဒါ သက်သေပြတာပဲပေါ့။

ကျွန်တော်က စပန်ဇာမဟုတ်ဘူး၊ ဆိုလိုတာက ဂေါက်ကြောင်မဟုတ်ဘူး၊ ဖရန့်ဆစ်နဲ့မတူတာပေါ့လေ၊ သူကမှစပန်ဇာလေ၊ ကျွန်တော်ကအာကာသလေသူရဲတစ်ယောက်တောင်ဖြစ်လာဖို့ မရှိဘူး။ ကျွန်တော်

mgyoe.com

mgyoe.com


တက္ကသိုလ်တက်မယ်၊ သချင်္ာအထူးပြုဒါမှမဟုတ်ရူပ၊ ဒါမှမဟုတ်သချင်္ာနဲ့ ရူပအတွဲ (တွဲသင်တဲ့ကျောင်းမှာ) ယူမယ်၊ ဘာကြောင့်ဆိုကျွန်တော်က သချင်္ာနဲ့ ရူပကိုသဘောကျတယ်၊ အဲဒီဘာသာရပ်တွေမှာလည်း ကျွမ်းကျင်တယ်၊ ဒါပေမဲ့ တယ်ရီကတက္ကသိုလ်ဆက်မတက်ပါဘူး၊ အဖေပြောတာကတော့ တယ်ရီကထောင်ထဲမှာပဲ အဆုံးသတ်မယ့်ကောင်တဲ့။

တယ်ရီရဲ့လက်မောင်းမှာ တက်တူးထိုးထားတယ်၊ အသည်းပုံ တစ်ခုပေါ့၊ အလယ်ကောင်မှာဓားတစ်ချောင်းက စိုက်လျက်ပေါ့။

ဒါနဲ့ပဲလိုရင်းမရောက်တော့သလိုဖြစ်နေပြီ၊ ခုတော့ ဒီနေ့ဟာရက် ရာဇာ ဖြစ်တယ်ဆိုတဲ့ အချက်ကိုပြန်သွားဦးမှပါ။

ဒီနေ့ဟာ ရက်ရာဇာဖြစ်တာကြောင့် ဝယ်လင်တန်ကို ဘယ်သူ သတ်သွားတယ်ဆိုတာကို ရှာဖွေဖော်ထုတ်ဖို့ ကြိုးစားသွားရမယ်လို့ ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဘာလို့လဲဆိုရင် နေ့ကောင်းနေ့ မြတ်တွေဟာ စီမံချက်တွေနဲ့ စီမံကိန်းတွေရေးဆွဲဖို့ နေ့တစ်နေ့ပဲလေ ။

ကျွန်တော်ဒါကို ဆော့ဟန်ကိုပြောပြတော့သူမက "ကောင်းပြီ ဒါကငါတို့ ဇာတ်လမ်းတွေရေးဖို့ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့၊ ကောင်းပြီ၊ ဝယ်လင်တန်ကို ဘယ်လိုတွေ့ခဲ့တယ်၊ ရဲစခန်းကို ဘာကြောင့်ရောက်သွား တယ်ဆိုတဲ့အကြောင်းကို ဘာကြောင့်မရေးတာလဲ" တဲ့။

ဒါက ကျွန်တော်စာစရေးစဉ်ကပေါ့၊ ဆော့ဟန်ကပြောပါတယ်၊ သူမက သဒ္ဒါရယ် စာလုံးပေါင်းရယ် အောက်ခြေမှတ်စုတွေပါကူးပေး မယ်တဲ့။

❑

mgyoe.com

mgyoe.com

(၅၃)

အမေနောက် ၂ ပတ်အကြာမှာဆုံးပါတယ်။


ကျွန်တော်ကတော့ ဆေးရုံကိုမရောက်ဖြစ်ပေမယ့် အဖေကတော့ မှာအင်စပင်ဆာကုန်တိုက်က စားစရာအပြည့်ယူသွားလေ့ရှိတယ်၊ သူက တော့ပြောပါတယ်၊ အမေက ကျန်းမာလာပုံရပြီး မကြာခင်သက်သာလာ မယ့်ပုံပဲလို့တော့ ပြောပါတယ်။ အမေက ကျွန်တော့်ကို မေတ္တာပို့ပေးပြီး ကျွန်တော်ရဲ့ ဆုတောင်းကတ်ကို သူ့ရဲ့အိပ်ရာဘေးမှာ စားပွဲမှာထားတယ် တဲ့။ အဖေကဒါကိုအရမ်းသဘောကျတယ်လို့ပြောပါတယ်။

ကတ်ပြားရဲ့ရှေ့ချမ်းမှာ ကားပုံတွေနဲ့ပါ၊ ဒီလိုပုံတွေလေ။

ကျွန်တော်အဲဒီပုံကို ကျောင်းမှာပန်းချီရေးတဲ့ မစ္စစ်ပီတာနဲ့ လုပ် တာပါ။ ဖယောင်းစက္ကူနဲ့ ဆွဲတာလေ။ မစ္စစ်ပီတာက ပထမဆုံးပုံကို စက္ကူပေါ်မှာဆွဲ၊ ပြီးတော့ စက္ကူဖြတ်တဲ့ဓားနဲ့ ပုံအနားသတ်တစ်ဝိုက်လှီး စက္ကူပေါ်သုတ်ပေး စက္ကူဖြူပေါ်ဖိပေးရင်ရပြီ။ ဒါကြောင့် ကားပုံတွေ တထေရာတည်း ထွက်လာတာပေါ့။ ကားတစ်ပုံထဲဆွဲထားပေမယ့် ဒါကို

mgyoe.com

mgyoe.com

စက္ကူဖြူပေါ် ၉ကြိမ် ဖိပေးလိုက်ရုံပဲလေ၊ ဒါက မစ္စစ်ပီတာရဲ့ ကျွန်တော် ကြိုက်တဲ့ကား အမြောက်အမြားဆွဲနည်းပဲ၊ ပြီးတော့ ကျွန်တော်က ကားတွေကို အနီရောင်ခြယ်လိုက်တယ်၊ အမေ့အတွက် နေကောင်းနေ့ထူး နေ့မြတ်ဆိုတဲ့ အဓိပ္ပာယ်ရအောင်လို့လေ။

အဖေက အမေသေတာ နှလုံးရောဂါကြောင့်တဲ့ ဘယ်လိုမှမ မျှော်လင့်ခဲ့ဘူးတဲ့။

ကျွန်တော်က စိတ်လှုပ်ရှားစွာနဲ့မေးလိုက်တယ် “ဘယ်လိုနှလုံး ရောဂါမျိုးလဲအဖေ”

အမေကအသက် ၃၈ နှစ်ပဲရှိသေးတာ၊ နှလုံးရောဂါက အသက် ကြီးပိုင်းတွေမှာဖြစ်တတ်တယ်မဟုတ်လား၊ ပြီးတော့ အမေကအလွန် ဖျတ်လတ်ပြီး စက်ဘီးလည်းစီးတယ်၊ ကျန်းမာစေတဲ့အစာကိုစားတယ်၊ အမျှင်ဓာတ်ပါတဲ့အစာနဲ့ မပျော်ဝင်ဆီပါဝင်မှုအနည်းဆုံးဖြစ်တဲ့ ကြက်သားတို့ ဟင်းသီးဟင်းရွက်နဲ့ အသီးခြောက်တွေ ကောက်နှံလို ဟာတွေပဲ စားတာ။

အဖေပြောတာက ဘယ်လိုနှလုံးရောဂါဖြစ်တယ်ဆိုတာတော့ မသိဘူးပေါ့၊ ဒီမေးခွန်းကိုလည်း ခုအချိန်ခါမှာ ဒီမေးခွန်းမျိုးမမေးသင့် ဘူးထင်တယ်တဲ့။

mgyoe.com

mgyoe.com


ကျွန်တော်က ဒါဟာ နှလုံးသွေးလွှတ်ကြောတွေ ရောင်တာဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောလိုက်တယ်။

နှလုံးရောဂါဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ နှလုံးကြွက်သားဆီသွေးမရောက်တော့ဘူးဆိုရင် ဖြစ်တာပဲ၊ ပြီးတော့ သေတာပဲလေ။

အဓိကနှလုံးရောဂါနှစ်မျိုးနှစ်စားရှိတယ်၊ ပထမတစ်မျိုးက နှလုံးသွေးကြောပိတ်တာ၊ ဒါကတော့ ကြွက်သားတွေဆီသွေးသယ်ပို့ပေးတဲ့ သွေးပြန်ကြောတစ်ခုခုမှာ သွေးခဲတွေပိတ်နေတာ၊ ဒါမျိုးမဖြစ်အောင် သင်လုပ်နိုင်တာက အက်စပရင်ဆေးသောက်၊ ငါးများများစားပေးပါ၊ ဒါကတော့ ဘာကြောင့်အက်စ်ကီးမိုးလူမျိုးတွေ ဒီရောဂါမျိုးမဖြစ်ကြတာပဲ၊ ဘာကြောင့်ဆို သူတို့ ငါးစားတယ်၊ ငါးကသွေးခဲတာကို မဖြစ်စေဘူး၊ ဒါပေမဲ့လည်း သူတို့ စားရှမိလို့ သွေးထွက်လွန်ရင်တော့ သေနိုင်တာပေါ့လေ။

ဒါပေမဲ့ နှလုံးသွေးလွှတ်ကြောရောင်တာကျတော့ နှလုံးသွေးကြောပေါက်သွားလို့ သွေးတွေယိုစိမ့်ထွက်တာကြောင့် ကြွက်သားတွေဆီသွေးမရောက်တော့ဘူး၊ တချို့လူတွေနှလုံးသွေးကြောရောင်တာကျ တော့သူတို့ သွေးကြောတွေက သိပ်ခံနိုင်စွမ်းမရှိတဲ့အခါမျိုးပါ၊ ကျွန်တော်တို့လမ်းထဲကအမှတ် ၇၂မှာ နေတဲ့မစ္စစ်ဟာဒစ္စတီတို့လိုပေါ့၊ သူ့လည်ပင်းသွေးကြောတွေက သိပ်အားနည်းတော့၊ သူမကားရပ်တဲ့နေရာကို နောက်ဆုတ်ဝင်ဖို့ ဇက်ကိုလှည့်ပြီးကြည့်လိုက်တာနဲ့ သေပါ ရောလား။

တစ်ဖက်မှာလည်း သွေးကြောပိတ်တာလည်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆို ဆေးရုံတက်တဲ့အခါ အိပ်ရာပေါ်မှာအကြာကြီးလဲလျောင်းနေရင်လည်း သွေးခဲလွယ်တတ်ပါတယ်။

အဖေက "အဖေဝမ်းနည်းတယ် ခရစ္စတိုဖာ၊ အဖေသိပ်ဝမ်းနည်းတယ်" တဲ့၊ ဒါပေမဲ့ ဒါဟာ အဖေ့အမှားမဟုတ်ပါဘူး။

mgyoe.com

mgyoe.com


အဲဒီနောက် မစ္စစ်ရှီးယားစ်ပေါက်ချလာပြီး ကျွန်တော်တို့အတွက် ညစာချက်ပြုတ်ပေးပါတယ်။ သူမကွင်းထိုးဖိနပ်စီးထားပြီး ဂျင်းဘောင်းဘီနဲ့ တီရှပ်ကိုဝတ်ထားတယ်၊ တီရှပ်ပေါ်မှာတော့ WINDSURF နဲ့ CORFU အင်္ဂလိပ်စာလုံးရေးထားပြီး ပင်လယ်လှိုင်းစီးသူတစ်ယောက်ပုံတစ်ပုံလည်းပါတယ်။ ပြီးတော့ အဖေကထိုင်ချလိုက်ပြီး သူမက သူ့နံဘေးမှာ လက်ပိုက်ရပ်နေရင်းက ကိုင်းကိုင်းဒါလေးတော့ ဝင်အောင် စားလိုက်ကြပါဦး" လို့ ပြောလိုက်တယ်။

ပြီးတော့ စပါးဂတ်တီနဲ့ ခရမ်းချဉ်ဆော့တို့ကို ပြင်ပေးတယ်လေ။

ညစာစားပြီးချိန်မှာတော့ သူမကျွန်တော်နဲ့ စကရေဘယ်ကစားကြတယ်။ ကျွန်တော်သူမကို ၂၄၇မှတ် ၁၃၄မှတ်နဲ့ နိုင်ပါတယ်။

❑

mgyoe.com

mgyoe.com

(၁၉)

အဖေက ကျွန်တော့်ကို သူများကိစ္စဝင်မပတ်သက်ဖို့ ပြောထားတဲ့ကြားက ဝယ်လင်တန်ကိုဘယ်သူသတ်သွားတယ်ဆိုတာကို ရှာဖွေဖော်ထုတ်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်။

ဘာကြောင့်လဲဆို ကျွန်တော်က သူများပြောတဲ့အတိုင်းလိုက်လုပ်တတ်သူ မဟုတ်လို့ပါဘဲ၊ ပြီးတော့ လူတွေကခင်ဗျားကိုပြောမယ်ဘာလုပ်ဘာလုပ်ပေါ့လေ၊ ဒါတွေကရှုပ်ထွေးတတ်ပြီး အဓိပ္ပာယ်လည်းမဲ့တတ်ပါတယ်။

ဥပမာလူတွေကပြောမယ် "တိတ်တိတ်နေ" ပေါ့လေ၊ဒါပေမဲ့ဘယ်လောက်ကြာကြာ တိတ်တဆိတ်နေရမယ်ဆိုတာမပြောဘူး၊ ဒါမှမဟုတ် ဆိုင်းဘုတ်တစ်ခုက "မြက်ခင်းပေါ်မတက်ရ" ဆိုပါစို့ အဲဒီအစား 'သည်အမှတ်အသားနားရှိမြက်ခင်းပေါ်' ဒါမှမဟုတ် "သည်ပန်းခြံထဲရှိမြက်ခင်းပေါ်မတက်ရ" စသည်အားဖြင့်ရေးသင့်တယ်၊ ဘာလို့ဆိုလမ်းလျှောက်ဖို့ ခွင့်ပြုထားတဲ့ မြက်ခင်းတွေက အများကြီးဆိုတော့လေ၊

mgyoe.com

mgyoe.com



လူတွေကလည်း စည်းကမ်းကို တစ်ချိန်လုံးချိုးဖောက်နေကြတာပဲ၊ ဥပမာအားဖြင့် အဖေက တစ်နာရီမိုင် ၃၀ ပဲ မောင်းရမယ့်နေရာမှာ ၃၀ ပဲ မောင်းတယ်၊ တစ်ခါတစ်ရံတော့ သူ့ဗင်ကားလေးကို မောင်းတဲ့အခါ၊ အရက်သောက်ထားလည်း မောင်းတယ်၊ ခါးပတ်မပတ်ဘဲလည်း မောင်းတယ်၊ တစ်ခါကျမ်းပိုဒ်ထဲမှာ လူ့အသက်ကို မသတ်ရ၊ သတ်သောသူသည် ရုံး၌ စီရင်ခြင်းခံရလိမ့်မည်လို့ ဆိုထားပေမယ့် ခရူးဆိတ်စစ်ပွဲ၊ ကမ္ဘာစစ်နှစ်ပွဲနဲ့ ပင်လယ်ကွေ့စစ်ပွဲတွေဖြစ်ခဲ့တယ်၊ အဲဒီစစ်ပွဲတွေမှာ ခရစ်ယာန်တွေက လူတွေတော်တော်များများကို သတ်ခဲ့တာပဲမဟုတ်လား။

အဲလိုပဲ အဖေပြောတဲ့ထဲက ဘာကိုဆိုလိုမှန်းမသိတာ "သူများကိစ္စထဲဝင်မပါနဲ့" ဆိုတာကိုပါ ဘာလို့ဆို ကျွန်တော် ကျောင်းမှာ ဈေးဆိုင်မှာ ဘတ်စ်ကားပေါ်မှာ လုပ်နေတာတွေအားလုံးဟာ သူများနဲ့ ပတ်သက်တာတွေပဲလေ၊ အဖေ အခြားသူတွေရဲ့အိမ်တွေသွားပြီး ဘိုင်လာအိုးပြင်တာ၊ အပူပေးစနစ်လုပ်တာ အားလုံးဟာ အများနဲ့ပတ်သက်နေတာမို့သူ ပြောတဲ့ "သူများကိစ္စ"ဆိုတာကို နားမလည်တာပါ။

ဆော့ဟန်က နားလည်ပါတယ်၊ သူမက ကျွန်တော်ကိုတစ်ခုခု မလုပ်ပါနဲ့လို့ အတိအကျပြောထားတာက ကျွန်တော့်ကိုလုပ်ခွင့်မပေးတာပါပဲ၊ ဒါမျိုးကျွန်တော်ကြိုက်တယ်၊

ဥပမာအားဖြင့် တစ်ချိန်က သူပြောခဲ့တယ် "မင်း ဆာရာ ကိုလုံးဝ မထိုးပါနဲ့မရိုက်ပါနဲ့ခရစ္စတိုဖာ၊ သူမက မင်းကိုပြန်ပြီး ရိုက်နက်တာတောင်မှ သူမအနားကခွာပြီး ၁ကနေ၅၀အထိ ရေပြီးငြိမ်နေလိုက်ပါ၊ ပြီးရင်ငါ့ကိုလာပြော သူဘာလုပ်တယ်ဆိုတာ၊ ဒါမှမဟုတ် အခြားဝန်ထမ်းတွေကိုသူမဘာလုပ်ခဲ့တယ်ဆိုတာပြောပြ"

သို့မဟုတ်ဥပမာအားဖြင့် တစ်ခါကသူမပြောတာက "မင်းဒန်းလွဲဖို့ သွား

mgyoe.com

mgyoe.com


တယ်၊ ဒန်းပေါ်မှာလည်း ကစားမယ့်သူတွေ ရှိနှင့်ပြီးဖြစ်နေရင် မင်းသူတို့ကို ဘယ်တော့မှတွန်းမချပါနဲ့၊ သူတို့ဆီခွင့်တောင်းပါ ကျွန်တော်ခဏ စီးလို့ရမလားလို့၊ ပြီးတော့ သူတို့စီးပြီးသည်အထိ စောင့်ရမယ်၊ ဒါပေမဲ့ အခြားလူတွေကပြောလိမ့်မယ် အခုလို မင်းမလုပ်တဲ့ အလုပ်မျိုးကို ငါတို့လည်း မလုပ်ဖူးလို့ပြောလာရင် အဲဒီတော့မှ ငါဘာလုပ်မယ် ငါ ဘာမလုပ်ဖူးဆိုတာကိုဆုံးဖြတ်ပေါ့။

အဲဒီညနေမှာ ကျွန်တော် မစ္စစ်ရှီးယားစ်အိမ်ဘက် လျှောက်ကြည့်ပြီးတော့ အိမ်တံခါးကိုခေါက်ပြီး သူ့အဖြေစောင့်နေလိုက်တယ်၊ သူမအိမ်တံခါး တံခါးဖွင့်တဲ့အခါ လက်ဖက်ရည်မက်ခွက်ကြီးကိုင်လို့လေ၊ ခြေညှပ်ဖိနပ် ကိုစီးထားပြီး သူမရုပ်မြင်သံကြားက ပဟေဠိကိုကြည့်နေခဲ့တာဖြစ်မယ်၊ ဘာလို့လဲဆို အထဲမှာဖွင့်ထားတဲ့ ရုပ်မြင်သံကြားက တစ်ယောက် ယောက်ရဲ့စကားသံကိုကျွန်တော်ကြားလိုက်ရတယ်။

ဗင်နီဇွဲလားနိုင်ငံရဲ့မြို့တော်က

၁. မာရာကာ ၂. ကာရာကက် ၃. ဘိုဂါးတား သို့မဟုတ် ၄. ဂျော့တောင်း

ကျွန်တော် အဖြေသိတယ် အဲဒါ ကာရာကက်

သူမကပြောတယ် "ခရစ္စတိုဖာ" ငါမင်းကိုလောလောဆယ် မတွေ့နိုင်ဘူးထင်တယ်။

ကျွန်တော်က "ကျွန်တော်ဝယ်လင်တန်ကိုမသတ်ဘူး" လို့

သူမ က "မင်းဒီမှာဘာလာလုပ်တာလဲ"

ကျွန်တော် "ဝယ်လင်တန်ကို ကျွန်တော်မသတ်ပါဘူးလို့ လာရှင်းပြချင်လို့ပါ" ပြီးတော့ သူ့ကို ဘယ်သူသတ်တယ်ဆိုတာ ကျွန်တော်ဖော်ထုတ်ချင်တယ်

သူ့ လက်ဖက်ရည်အချို့တောင် ကော်ဇောပေါ်ကို ဖိတ်ကျသွားတယ်။

mgyoe.com

mgyoe.com


ကျွန်တော်က "ဝယ်လင်တန်ကို ဘယ်သူသတ်တယ်ဆိုတာ ခင်ဗျားသိလား"

သူမ ကျွန်တော်အမေးကို မဖြေဘူး၊ "ဗွတ်ဘိုင် ခရစ္စတိုဖာ" လောက် ပြောပြီးတံခါးကိုဆွဲပိတ်လိုက်တယ်။

ဒါနဲ့ ကျွန်တော် စုံစမ်းရေးအလုပ်အချို့ကို စတင်ဖို့ ဆုံးဖြတ်လိုက်တယ်။

သူမ ကျွန်တော့်ကိုစောင့်ကြည့်နေပြီး ကျွန်တော်ထွက်ခွာသွားဖို့ စောင့်နေတာကို ကျွန်တော်မြင်နေရတယ်၊ ဘာလို့ဆို သူမရဲ့ရှေ့တံခါး မှန်ဝါးဝါးတံခါးမှန်ရဲ့တစ်ဖက်ခန်းမထဲမှာ သူမရပ်နေတာကို ကျွန်တော် မြင်လိုက်တယ်၊ ဒါနဲ့ကျွန်တော်လည်း ဥယျာဉ်အပြင်ဘက်ကို လမ်း အတိုင်းထွက်လာခဲ့တယ်၊ ပြီးတော့ ကျွန်တော်နောက်ဘက်လှည့်ကြည့်တဲ့ အခါမှာ သူမ ခန်းမထဲမှာရပ်မနေတော့ပါဘူး၊ ကျွန်တော့်ကို စောင့်ကြည့် နေတဲ့သူ ရှိမရှိသေချာတော့မှ ကျွန်တော်နံရံကို ဖက်တက်ပြီး အိမ်ဘေး ကနေ ခြံနောက်မှာရှိတဲ့ သူမရဲ့ဂိုဒေါင်ဆီ လျှောက်သွားလိုက်ပါတယ်။

ခြံပစ္စည်းထားတဲ့ဂိုဒေါင်ကို သော့ခလောက်နဲ့ ခတ်ထားတယ်၊ သည်တော့ ကျွန်တော်အထဲမဝင်နိုင်တာမို့လို့ ဂိုဒေါင်ရဲ့ဘေးအတိုင်း ပြတင်းပေါက်ဘက်ကို လျှောက်သွားလိုက်တယ်၊ သည်နောက်တော့ ကျွန်တော်နည်းနည်းကံကောင်းသွားတယ်၊ ကျွန်တော် ပြတင်းပေါက် ကနေ အထဲကို ချောင်းကြည့်တဲ့အခါ ဝယ်လင်တန်ကို ထိုးစိုက်ထားတဲ့ ခက်ရင်းခွနဲ့ တထေရာတည်းတူတဲ့ ခက်ရင်းခွကိုတွေ့လိုက်ရတယ်၊ ဒါကို ပြတင်းပေါက်နားက ခုံတစ်ခုအပေါ်မှာလှဲပြီး ဆေးကြောထားတာ တွေ့ရတယ်၊ ဘာလို့ဆို ခက်ရင်းခွဆူးတွေမှာ သွေးစွန်းတာမတွေ့ရဘူး။ ကျွန်တော် အခြားပစ္စည်းတွေလည်း တွေ့လိုက်ရတယ်၊ ဂေါ်ပြားတစ်ခုနဲ့ ထွန်ခြစ်တစ်ခုအပြင် အရမ်းမြင့်တဲ့ကိုင်းတွေ ရှင်းတဲ့အခါသုံးတဲ့

mgyoe.com

mgyoe.com


လက်ကိုင်ရိုးရှည်တပ် ကတ်ကြေးရှည်တစ်ခုကိုလည်း တွေ့ရတယ်၊ ပြီးတော့ အဲဒါတွေအားလုံးရဲ့ လက်ကိုင်ရိုးက ခက်ရင်းခွလို အစိမ်းရောင် ပလတ်စတစ်လက်ကိုင်ရိုးတွေ တပ်ထားပါတယ်၊ အဓိပ္ပာယ်ကတော့ ခက်ရင်းခွဟာ မစ္စစ်ရှိုးယားစ်ရဲ့ ပစ္စည်းဆိုတာပါပဲ၊ အခြားအကြောင်း တစ်ခုခုဒါမှမဟုတ် Red Herring (ငါးသလောက်နီတစ်မျိုး၊ ခွေး သင်တန်းကျောင်းတွေမှာခွေးတွေကိုအာရုံလွှဲဖို့သုံးတာ) သဘောတရား အရလည်းဖြစ်မယ်၊ သဘောကတော့၊ သဲလွန်စတစ်ခုကနေ ပြီးတော့ မှားယွင်းတဲ့ကောက်ချက်ကို ဆွဲမိစေအောင်လုပ်တာ၊ တကယ့်တကယ် မှာတစ်စုံတစ်ခုကို သဲလွန်စလို့ထင်ရအောင်လုပ်တာ၊ တကယ်တော့ မဟုတ်ဘူး။

ကျွန်တော်တွေးမိတာက မစ္စစ်ရှိုးယားစ် ကိုယ်တိုင်ကပဲ ဝယ်လင်တန် ကို သတ်ခဲ့တာလား၊ ဒါပေမဲ့လည်း သူမကိုယ်တိုင် သူ့ခွေးကို သတ်ခဲ့ရင် ဘာကြောင့်များ အိမ်ထဲကထွက်လာပြီး" ဟဲ့သောက်ကောင် မင်းက ဘာလို့ ငါ့ခွေးကိုသတ်လိုက်ရတာလဲလို့ "အော်ပြီးလုပ်ရတာလဲ"

ကျွန်တော်တွေးမိတယ်၊ မစ္စစ်ရှိုးယားစ်က ဝယ်လင်တန်ကို သတ်တာ ဖြစ်ကောင်းဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမဲ့ ဘယ်သူသတ်သတ် မစ္စစ်ရှိုးယားစ်ရဲ့ ခက်ရင်းခွနဲ့သတ်ခဲ့တာပါပဲ၊ နောက်တော့ ဂိုဒေါင်ကို သော့ခတ်ထားတယ်၊ အဓိပ္ပာယ်ကတော့ မစ္စစ်ရှိုးယားစ်ရဲ့ ဂိုဒေါင်သော့ကို တစ်ယောက်ယောက်ကရထားတဲ့သဘော၊ ဒါမှမဟုတ်သူမက သော့မခတ် ဘဲထားခဲ့လေသလား၊ ဒါမှမဟုတ် သူမကပဲ ခက်ရင်းခွကို ပန်းခြံထဲမှာ လှဲပစ်ထားခဲ့လေသလား။

ကျွန်တော် ဆူညံသံကြားလို့ လှည့်ကြည့်လိုက်တော့ မစ္စစ်ရှိုးယားစ် မြက်ခင်းပေါ်ရပ်ပြီး ကျွန်တော့်အပေါ် စိုက်ကြည့်နေတာတွေ့ရတယ်။

ကျွန်တော်က "ခက်ရင်းခွကိုဂိုဒေါင်ထဲမှာ တွေ့လိုက်ရတယ်" လို့

mgyoe.com

mgyoe.com


ပြောလိုက်တယ်။သည်တော့သူမက "မင်းခုထွက်မသွားရင် ငါရဲကို ထပ်ခေါ်လိုက်ရမလား" တဲ့။

ဒါနဲ့ ကျွန်တော်လည်းအိမ်ပြန်ခဲ့တာပါပဲ။

ကျွန်တော် အိမ်ပြန်ရောက်တော့အဖေ့ကို နှုတ်ဆက်ပြီး အပေါ် ထပ်ကိုတက်၊ ကျွန်တော့်ကြွက် တိုဘီကိုအစာကျွေးလိုက်တယ်၊ ကျွန်တော်ပျော်နေပါတယ်၊ ဘာလို့ဆို ကျွန်တော်အရာရာကို ဖော်ထုတ် နိုင်တဲ့ စုံထောက်တစ်ယောက်လည်းဖြစ်ပြီလေ။

❑

mgyoe.com

mgyoe.com

(၆၁)

ကျောင်းကမစ္စစ်ဖိုဘီကပြောတယ် အမေသေသွားပြီဆိုတော့ နိဗ္ဗာန်ရောက်သွားပြီတဲ့။

ဒါကဘာလို့လဲဆို မစ္စစ်ဖိုဘီက သိပ်အသက်ကြီးနေပြီး နိဗ္ဗာန်ကိုယုံနေတယ်လေ။ သူမက အားကစားဘောင်းဘီကို ဝတ်တတ်တယ်။ သူပြောတာက အားကစားဘောင်းဘီရှည်က သာမန်ဘောင်းဘီတွေထက်ဝတ်ရတာ သက်သောင့်သက်သာရှိတယ်တဲ့။ ပြီးတော့ သူမရဲ့ ခြေထောက်တစ်ဖက်က ကျန်တစ်ဖက်ထက်တိုနေတယ်၊ စက်ဘီးစီးရင်း မတော်တဆဖြစ်ခဲ့လို့လေ။

ဒါပေမဲ့ အမေဆုံးတဲ့အခါ နိဗ္ဗာန်ကိုမသွားခဲ့ပါဘူး၊ နိဗ္ဗာန်ကပြီးဆုံးမသွားဘူးလေ၊ မစ္စစ်ပီးတားစ်ရဲ့ ယောက်ျားကအင်္ဂလီကန်ဘုန်းကြီးသိက္ခာတော်ရပီးတားစ်လို့ခေါ်တယ်၊ သူကျွန်တော်တို့ကို ဟောပြောဖို့ကျွန်တော်တို့ ကျောင်းကို တစ်ခါတစ်ရံလာတတ်တယ်၊ အဲဒီမှာကျွန်တော်က "နိဗ္ဗာန်ဘယ်မှာရှိတာလဲ" မေးတော့ သူက တို့နေတိုင်းတဲ့

mgyoe.com

mgyoe.com



စကြဝဠာ ထဲမှာမရှိဘူး၊ အခြားတစ်နေရာမှာသီးခြားရှိနေတာ" ကျွန်တော်က စကြဝဠာရဲ့ အပြင်ဘက်မှာ ဘာမှမရှိဘူးလို့၊ အခြားနေရာတစ်ခုလည်း သီးခြားမရှိဘူးလို့လေ။

ဆရာတော်ဟာ သူစဉ်းစားတဲ့အချိန်တွေဆို သူ့လျှာနဲ့ ရယ်စရာကောင်းတဲ့ တစ်ကလောက်တစ်ကလောက် အသံတွေကို တစ်ခါတစ်ရံ ပြုလုပ်လေ့ရှိတယ်၊ ပြီးတော့ သူကဆေးလိပ်သောက်သူဆိုတော့ သူ့ဆီက အနံ့အသက်ကို သူ့ဝင်သက်ထွက်သက်နဲ့အတူ သင်ရလိမ့်မယ်၊ ကျွန်တော်ကတော့ မကြိုက်ဘူး။

ကျွန်တော်ကပြောတယ်၊ စကြဝဠာရဲ့ အပြင်ဘက်မှာ ဘာမှမရှိဘူးလို့၊ အခြားနေရာတစ်ခုမှာလည်း သီးခြားရှိမနေဘူးလို့လေ၊ ဒါပေမဲ့ ဖြစ်နိုင်တာတစ်ခုက သင်မဟာ့ရာချိုင့်ကြီးထဲ ဖြတ်သွားခဲ့ရင်တော့ တစ်မျိုးပေါ့လေ။ မဟူရာချိုင့်ဆိုတာ သီးခြားဖြစ်စဉ်တစ်ခုပါပဲ၊ ဘာလို့ဆို သူရဲ့အခြားတစ်ဖက်မှာဘာရှိတယ်ဆိုတာ ဖော်ထုတ်ဖို့ ခက်ပါတယ်။ အကြောင်းက မဟူရာချိုင့်ရဲ့ မြေဆွဲအားက သိပ်ကြီးမားလွန်းတော့ လျှပ်စစ်သံလိုက်လှိုင်းနဲ့တူတဲ့ အလင်းရောင်တောင်မှ အခြားတစ်ဖက်ကို မထိုးဖောက်နိုင်ဘူး၊ ပြီးတော့ လျှပ်စစ်သံလိုက်လှိုင်းဆိုတာ ဟိုးအဝေးမှာ ရှိတဲ့အရာတွေရဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုရရှိနိုင်တယ်ဆိုတာပါပဲ။ ပြီးတော့ ကျွန်တော့်နိဗ္ဗာန်သာ မဟူရာချိုင့်ရဲ့ အခြားတစ်ဖက်မှာ ရှိနေခဲ့ရင် အာကာသထဲရောက်အောင် သေသွားတဲ့လူတွေကို ဒုံးပျံပေါ်တင်ပြီး ပစ်လွှတ်လို့ရတယ်၊ သိတောင်သိမှာ မဟုတ်ဘူး။ သို့သော် လူတွေတော့ သိပါတယ်။

ကျွန်တော်ထင်တယ် လူတွေ နိဗ္ဗာန်ကို ယုံကြည်တယ်။ ဘာလို့ဆို သူတို့သေခြင်းဆိုတဲ့ သဘောတရားကို မကြိုက်ကြဘူး၊ ဘာလို့ဆို သူတို့ဆက်လက်အသက်ရှင်သွားချင်တယ်။

mgyoe.com

mgyoe.com


အခြားလူတွေက သူတို့ အိမ်ရာကို လာရောက်ပြီး သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းကို အမှိုက်ပုံးထဲ စွန့်ပစ်သွားမယ့် အယူအဆမျိုးကို သူတို့ မနှစ်သက် ကြဘူး။

ဆရာတော် ပီးတားစ်က ပြောတယ် "ကောင်းပြီ၊ ငါကနိဗ္ဗာန်ဟာ စကြဝဠာရဲ့ အပြင်ဘက်မှာ ရှိတယ်လို့ ပြောလိုက်တဲ့အခါမှာ ဒါက တကယ့်ကို စကားအရာအားဖြင့် ပြောလိုက်တာပါ။ ငါဆိုလိုတဲ့ စကားရဲ့ တကယ့်အဓိပ္ပာယ်ကတော့ သူက ဘုရားနဲ့အတူရှိနေတာပါပဲ"

ကျွန်တော်ကပြန်ပြောတယ် "ဒါပေမဲ့ ဘုရားက ဘယ်မှာတုံး" လို့၊ သည်တော့ ဆရာတော်ပီးတားစ်က သည်အကြောင်းကို သူအချိန်များ များရတဲ့ အခြားတစ်နေ့လောက်တော့ အတူဆွေးနွေးကြတာပေါ့တဲ့။

သင်သေဆုံးသွားတဲ့အခါ အမှန်တကယ် ဖြစ်ပျက်သွားတာက သင်ဦးနှောက်က အလုပ်မလုပ်ဘဲရပ်သွားသလို သင့်ခန္ဓာက ဆွေးမြည့် သွားတာ၊ ယုန်တစ်ကောင်လိုပေါ့ သူသေတော့ ကျွန်တော်တို့ ဥယျာဉ်ရဲ့ ဟိုး အောက်ခြေမြေကြီးထဲမြုပ်လိုက်ကြရော သူ့မှာရှိတဲ့ အသေးဆုံး ဒြပ်အခြေခံ အဖွဲ့အစည်းလို့ခေါ်တဲ့ မော်လီကျူးတွေ အခြားမော်လီကျူး ထဲ ပျက်စီးပြီး မြေကြီးထဲရောက်၊ ပိုးကောင်တွေကစား၊ သစ်ပင်တွေဆီ ရောက်သွားရော၊ ကျွန်တော်တို့ နောက် ၁၀ နှစ်အကြာ အဲဒီနေရာကို သွားတူးကြည့်ရင် သူ့အရိုးစုမှတစ်ပါး အခြားအရာမတွေ့နိုင်ပါ။ နောက် နှစ် ၁၀၀၀ လောက်ဆို အဲဒီ အရိုးစုတောင် မကျန်တော့ဘူး။ ဒါပေမဲ့ ဒါဟာ အမှန်တွေချည်းပဲ၊ ဘာလို့ဆို သူဟာ ပန်းတွေ၊ ပန်းသီးပင်နဲ့ အနီရောင်ဘယ်ရီသီး သီးတဲ့ ဟောသွန်းဆူးပင်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လို့နေပါပြီ။

လူသေတဲ့အခါ ခေါင်းတလားထဲ တစ်ခါတစ်ရံ ထည့်ထား တတ်ကြတယ်။ ဘာကြောင့်ဆို သူတို့က ခေါင်းတလားပျက်စီးသွားတဲ့

mgyoe.com

mgyoe.com


အချိန်ထိ မြေကြီးနဲ့ အချိန်ကြာကြာမရောနှောချင်ဘူးလေ။

ဒါပေမဲ့ အမေ့ကိုတော့ မီးသင်္ဂြိုဟ်တာပါ၊ အဓိပ္ပာယ်က အမေ့ကို ခေါင်းတလားထဲတည့်၊ မီးရှို့လှန်လော၊ ပြာချ၊ အရိုးဖြစ်သွားတာပဲ၊ နောက်ဆုံးပြာကနေ ဘာဖြစ်သွားလဲမသိဘူး၊ ကျွန်တော်လည်း သင်္ချိုင်း စောင့်ကို မမေးလိုက်ရဘူး၊ ကျွန်တော်မှ အသုဘလိုက်မသွားတာ၊ ဒါပေမဲ့ မီးခိုးတွေကတော့ ခေါင်းတိုင်ကနေလေထဲလွင့်မျောသွားတာပဲ၊ တစ်ခါ တစ်ရံကျွန်တော် ကောင်းကင်ကို မော့ကြည့်ရင်းတွေးမိတယ် အဲဒီမော်လီ ကျူးတွေမှာ အမေ့မော်လီကျူးတွေရှိတယ်လို့၊ ဒါမှမဟုတ်၊ အာဖရိက သို့မဟုတ် အန္တာတိက တိမ်တိုက်တွေပေါ်မှာ၊ ဒါမှမဟုတ် ဘရာဇီး မိုးသစ်တောပေါ် ဆင်းလာတဲ့ မိုးစက်တွေပေါ်မှာ ဒါမှမဟုတ် တစ်နေ ရာရာက နှင်းပွင့်တွေထဲမှာ ပေါ့လေ။

❑

mgyoe.com

mgyoe.com

(၆၇)

နောက်တစ်နေ့ဟာ စနေနေ့ ဖြစ်ပါတယ်။ စနေနေ့မှာတော့ ကျွန်တော့်မှာ မည်မည်ရရလုပ်စရာမရှိပါဘူး။ အဖေကအပြင်တစ်နေရာရာထွက်ပြီး လေ့လော်တဲ့ကန်ကိုဖြစ်ဖြစ်၊ ဇဟိုပန်းခြံကိုပဲဖြစ်ဖြစ် ခေါ်မသွား ဘူးဆိုရင်ပေါ့လေ၊ ဒါပေမဲ့ သည်စနေမှာ အင်္ဂလန်က ရိုမေးနီးယားနဲ့ ဘောလုံးပွဲရှိတယ်၊ ဆိုလိုတာက ကျွန်တော်တို့ အပြင်ထွက်လည် ကြဖို့ မရှိဘူး။ အဖေက အဲဒီပွဲကို ရုပ်မြင်သံကြားကနေ အဖေကြည့်ချင် နေတာလေ၊ ဒါကြောင့် ကျွန်တော်စုံစမ်းရေးကိစ္စတွေကို ထပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော်ဆုံးဖြတ်လိုက်တယ်၊ လမ်းထဲနေတဲ့လူအချို့ကို မေးရ လိမ့်မယ်၊ ဝယ်လင်တန်ကိုတစ်ယောက်ယောက်က သတ်သွားတာတွေ့ လိုက်သလား၊ ဒါမှမဟုတ်လမ်းထဲမှာ ထူးခြားဖြစ်စဉ်တစ်ခုခုများ ကြာသပတေးနေ့ညမှာ တွေ့လိုက်မိသလားပေါ့လေ။

သူစိမ်းတွေနဲ့ စကားပြောဖို့က ကျွန်တော်ကလုပ်လေ့မရှိတဲ့အလုပ် ပါ။ သူစိမ်းတွေနဲ့ စကားပြောရတာလည်း မနှစ်သက်ပါဘူး။ ဒါကတော့

mgyoe.com

mgyoe.com


ကျောင်းမှာ ကျွန်တော်တို့ကို ပြောနေတဲ့လူစိမ်းအန္တရာယ်နဲ့တော့ မဆိုင်ပါဘူး။ သူ့အဆိုကတော့တကယ်လို့ သူစိမ်းတစ်ယောက်က သကြားလုံးကျွေးတဲ့အခါ သို့မဟုတ် သူ့ကားနဲ့လိုက်စီးဖို့ ဖိတ်ခေါ်ခြင်းဟာ ကိုယ်နဲ့အတူတူအိပ်ချင်လို့ပဲတဲ့၊ ဒါကိုတော့ ကျွန်တော်မစိုးရိမ်ပါဘူး၊ တကယ်လို့ သူစိမ်းယောက်ျားတစ်ဦးက ကျွန်တော့်အသားကိုထိရင် ဆွဲထိုးပစ်လိုက်မှာ၊ ကျွန်တော်က ခပ်ပြင်းပြင်းထိုးလေ့ရှိပါတယ်။ ဥပမာ ဆာရာကျွန်တော့်ဆံပင်ကို ဆွဲတုန်းကကျွန်တော်ဆွဲထိုးလိုက်တာ မေ့မျောသွားလို့သူမကို ဆေးရုံအရေးပေါ်ဌာနကို သူတို့ခေါ်သွားရတယ်။ ပြီးတော့ကျွန်တော်က ကျွန်တော်မောင်းချဓားကို အမြဲတမ်းအိတ်ကပ်ထဲမှာသိမ်းထားလေ့ရှိတယ်၊ အဲဒီမှာ လွှသွားပါတဲ့ ဓားတစ်ချောင်းပါတယ်လေ။ သူက လူတစ်ယောက်ရဲ့ လက်ချောင်းတွေကို ဖြတ်ပစ်လိုက်နိုင်တယ်။

ကျွန်တော်လူစိမ်းတွေကို မနှစ်သက်ပါဘူး။ ဘာလို့ဆို ကျွန်တော်အရင်တစ်ခါမှမတွေ့ဖူးတဲ့ လူတွေကို ကျွန်တော်မနှစ်သက်ဘူး၊ သူတို့ကိုနားလည်ရခက်ခဲပါတယ်။ အဲဒါကပြင်သစ်မှာရှိနေသလိုပဲ၊ အမေမဆုံးခင်က ကျွန်တော်ကျောင်းအားရက်မှာ စခန်းချဖို့သွားလေ့ရှိပါတယ်။ ကျွန်တော်အဲဒါကို မုန်းတယ်ဘာလို့ဆို ဈေးဆိုင်တွေသွားတဲ့အခါဖြစ်စေ စားသောက်ဆိုင်သွားတဲ့အခါဖြစ်စေ ကမ်းခြေသွားတဲ့အခါဖြစ်စေ လူတွေပြောတဲ့စကားကို ကျွန်တော်နားမလည်ဘူး၊ ကျွန်တော်ကြောက်တောင်လာတယ်။

ကျွန်တော်အကျွမ်းမဝင်တဲ့ သူတွေနဲ့ အသားကျဖို့ အတော်ကြာအချိန်ယူရတယ်၊ ဥပမာ ရုံးမှာရုံးဝန်ထမ်းအဖွဲ့ဝင်သစ်တစ်ယောက်ရောက်လာပြီဆိုရင် အပတ်ပေါင်းများစွာစကားမပြောဘူး။ ကျွန်တော်သူတို့ကို အန္တရာယ်ရှိမရှိစောင့်ကြည့်ရုံလေးပါ။ အဲဒီနောက် ကျွန်တော်

mgyoe.com


mgyoe.com


သူတို့ကို သူတို့အကြောင်းမေးတော့တာပဲ၊ ဆိုပါတော့ သူတို့အိမ်မှာ အိမ်မွေးတိရစ္ဆာန်ရှိမရှိ၊ သူတို့ကြိုက်တဲ့အရောင်ကဘာလဲ၊ ပြီးတော့ အပိုလိုအာကာသခရီးစဉ်အကြောင်းနဲ့ ပတ်သက်ပြီးဘာတွေသိထားသလဲ စသည်အားဖြင့်မေးပါတယ်။ ပြီးတော့ ကျွန်တော် သူတို့ကိုအိမ်ပုံစံကို ရေးဆွဲစေပါတယ်၊ ပြီးတော့ဘာကားအမျိုးအစားစီးနေလဲပေါ့ မေးပါတယ်၊ ကျွန်တော်သူတို့အကြောင်းသိလာရတာပေါ့။ အဲဒီနောက်တော့ ကျွန်တော်သူတို့နဲ့ တစ်ခန်းတည်းနေရင်လည်း စိတ်ထဲဘယ်လိုမှ မနေသလို ကျွန်တော်သူတို့ကို တစ်ချိန်လုံးလည်း စောင့်ကြည့်စရာ မလိုတော့ဘူး။

ဒါကြောင့် သူစိမ်းတွေနဲ့ ကျွန်တော်တို့ လမ်းထဲမှာစကားပြော ခြင်းသည် သတ္တိရှိတာပါ။

ဒါပေမဲ့ သင်စုံစမ်းရေးကိစ္စတွေကို လုပ်ချင်ရင်တော့ သတ္တိရှိရမှာပဲ၊ ဒါကြောင့်ကျွန်တော့်မှာရွေးချယ်စရာမရှိတော့ပါဘူး။

ဦးစွာပထမ၊ ကျွန်တော့်လမ်းရဲ့ ပုံစံတစ်စိတ်တစ်ပိုင်းကို ကျွန်တော်




mgyoe.com

mgyoe.com


ရေးဆွဲလိုက်တယ်။ ဒါကိုတော့ ရန်ဒေါလမ်းလို့ခေါ်ပါတယ်။ ဒီလိုပါ နောက်တော့ ကျွန်တော်မောင်းချစားကို ကျွန်တော်အိတ်ကပ်ထဲ သေချာအောင်ထည့်ပြီးအပြင်ထွက်လိုက်တယ်။ ပြီးတော့ မစ္စစ်ရှီးယားစ်ရဲ့ မျက်နှာ ချင်းဆိုင်အိမ်ဖြစ်တဲ့ အိမ်အမှတ် (၄၀) ကိုတံခါးခေါက်လိုက်တယ်၊ သဘောကတော့ သူတို့ တစ်စုံတစ်ခုတော့ တွေ့လိုက်ဖို့ များတယ်လေ၊ အမှတ် (၄၀) သွန်မဆင်မိသားစုဖြစ်ပါတယ်။

မစ္စတာသွန်မဆင် တံခါးလာဖွင့်ပေးတယ်၊ သူကတီရှပ်ကို ဝတ်ထားပြီး သူ့တီရှပ်မှာဘာရေးထားလဲဆိုတော့၊

**ဘီယာ**

**ရုပ်ဆိုးသူများကို ကူညီခြင်း**

**နှစ် ၂၀၀၀တိုင်လိုင်ဆက်ဆံ**

မစ္စတာသွန်မဆင်က "ကျုပ်ဘာကူညီရမလဲ"

ကျွန်တော် "ဝယ်လင်တန်ကို ဘယ်သူသတ်ထာလဲဟင်"

ကျွန်တော်သူ့မျက်နှာကို မကြည့်ခဲ့ပါဘူး၊ လူတွေရဲ့မျက်နှာကို ကျွန်တော်ကြည့်ဘူး၊ အထူးသဖြင့် သူစိမ်းတွေရဲ့ မျက်နှာကိုပေါ့၊ သူကတော့ စက္ကန့်အနည်းငယ်ကြာစကားမပြောဘဲနေတယ် ပြီးတော့မှ "မင်းကဘယ်သူတုံး" လို့မေးတယ်။

ကျွန်တော် "ခရစ္စတိုဖာဘွန်းပါ၊ ခြံအမှတ်မှာ(. . .) နေပါတယ်၊ ခင်ဗျားကို ကျွန်တော်သိပါတယ်၊ ခင်ဗျားကမစ္စတာသွန်မဆင်"

သူက "ကျွန်တော်မစ္စတာသွန်မဆင်ရဲ့ညီပါ"

ကျွန်တော် "ဝယ်လင်တန်ကို ဘယ်သူသတ်လဲ သိပါသလား"

သူက "ဘယ်ကသောက်ဝယ်လင်တန်လဲ"

ကျွန်တော် "မစ္စစ်ရှီးယားစ်ရဲ့ခွေး၊ မစ္စစ်ရှီးယားစ်ကခြံအမှတ် (၄၁) ကပါ"

mgyoe.com

mgyoe.com


သူက "တစ်ယောက်ယောက်ကသတ်သွားလို့လား"

ကျွန်တော် "ခက်ရင်းနဲ့ထိုးတာ"

သူ "ဘုရားသခင်"

ကျွန်တော် "ဥယျာဉ်သုံးခက်ရင်းခွနဲ့လို့" နို့မို့ အစာစားတဲ့ခက်ရင်းလို့ သူထင်နေဦးမှာ ၊ နောက်တော့ ကျွန်တော်က သူ့ကိုဘယ်သူသတ်သွားပါသလဲ"

သူက "ငါ့မှာဘာသောက်သဲလွန်စမှမရှိဘူး"

ကျွန်တော် "ကြာသပတေးနေ့ ညနေပိုင်းက သံသယဖြစ်ဖွယ် တစ်ခုခုများ တွေ့မိပါသလား"

သူက "ဒီမှာ ချာတိတ်၊ မင်းဒီလိုမေးခွန်းမျိုးတွေလျှောက်မေးနေဖို့ လိုအပ်တယ်ထင်လို့ မင်းထင်နေသလား"

သည်တော့၊ ကျွန်တော်က "ဟုတ်တယ်၊ ဘာလို့ဆို ဝယ်လင်တန်ကို ဘယ်သူသတ်သွားတယ်ဆိုတာ ကျွန်တော်ဖော်ထုတ်နေတယ်၊ ကျွန်တော်သည်အကြောင်းကို စာအုပ်တစ်အုပ်ရေးနေတယ်"

သည်တော့သူက

"ကောင်းပြီ၊ ငါကြာသပတေးနေ့က ၊ ကိုလ်ချက်စတာမှာရှိနေတယ်၊ သည်တော့ မင်းလူမှားပြီးမေးခွန်းတွေမေးနေပြီ"

ကျွန်တော် "ကျေးဇူးပါပဲ" ဆိုပြီး ထွက်ခွာခဲ့တာပါပဲ၊ အိမ်အမှတ် (၄၀) မှာတော့ ဘာအဖြေမှမရပါဘူး၊ ခြံအမှတ် (၄၄) မှာနေတဲ့သူတွေတော့ ကျွန်တော်မြင်ဖူးနေတယ်၊ ဒါပေမဲ့ သူတို့နာမည်ကိုတော့ မသိပါဘူး၊ သူတို့ဟာ လူမည်းတွေဖြစ်ပြီး လင်မယားနှစ်ယောက်နဲ့ ကလေးနှစ်ယောက်ဖြစ်ပါ။ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ပါ။ အမျိုးသမီးက တံခါးဖွင့်ပေးပါတယ်၊ သူမက ဘွတ်ဖိနပ်စီးထားတယ်၊ စစ်သုံးဖိနပ်ပါ၊ သူကငွေရောင်လက်ကောက် ၅ ကွင်းဝတ်

mgyoe.com

mgyoe.com


ထားတော့ သူ့လက်က တချွင်းချွင်းနဲ့ အသံမြည်နေပါတော့တယ်၊ သူက ခရစ္စတိုဖာမဟုတ်လား၊ ဟုတ်ပါတယ်နော်" တဲ့။

ကျွန်တော်က ဟုတ်ကြောင်းပြောပြီး၊ ဝယ်လင်တန်ကို ဘယ်သူသတ်သလဲလို့ မေးပါတယ်၊ သူမက ဝယ်လင်တန်ကို သိထားတော့ အထူးရှင်းပြစရာမလိုတော့ပါဘူး၊ ဝယ်လင်တန်အသတ်ခံထားရတဲ့ အကြောင်းလည်းသူမကြားထားပါတယ်။

ကျွန်တော်က ကြာသပတေးနေ့ ညနေပိုင်းက မသင်္ကာဖွယ်တစ်ခုခု တွေ့မိသလားပေါ့၊ အဲဒါက သဲလွန်စဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ပြောပါတယ်။

သူမက "ဘယ်လိုမျိုးလဲ" တဲ့

ဒါနဲ့ ကျွန်တော်က "မျက်နှာစိမ်းတွေလိုပေါ့ဗျာ၊ ဒါမှမဟုတ်ငြင်းခုံနေကြသံမျိုး"။

ဒါပေမဲ့ သူမကမတွေ့ခဲ့ရဘူးတဲ့။

ဒါနဲ့ ကျွန်တော်လည်း နည်းလမ်းအသစ်ဖြင့် ကြိုးစားခြင်းဆိုတာကို လုပ်ဖို့ ဆုံးဖြတ်ရတော့တာပေါ့။

"မစ္စစ်ရှိုးယားစ်ကို မလိုမုန်းထားသူတစ်ယောက်ကို သိပါသလားလို့"။

သူမ "သည်မေးခွန်းကို မင်းအဖေနဲ့ ဆွေးနွေးကြည့်သင့်တယ်လို့ ထင်တယ်" တဲ့

ကျွန်တော်က ကျွန်တော့်အဖေကိုမေးလို့ မဖြစ်နိုင်ကြောင်း၊ ဘာဖြစ်လို့ဆို ဒီလိုစုံစမ်းတာက လျှို့ဝှက်ရမယ့် ကိစ္စမို့ရယ်၊ ကျွန်တော့်အဖေက သူများကိစ္စထဲဝင်မပါရဘူးလို့ ပြောထားလို့ရယ်ပါ"

သူမက "ကောင်းပြီ သူ့မှာအချက်တစ်ချက်တော့ ရှိလိမ့်မယ် ခရစ္စတိုဖာ"

mgyoe.com

mgyoe.com


ကျွန်တော် "ဒါဆို ခင်ဗျားမှာ သဲလွန်စဖြစ်နိုင်တဲ့အရာ ဘာတစ်ခုမှမသိဘူးပေါ့"

သူမ "မသိဘူး" ပြီးတော့ ကျတော့ "သတိတော့ထားကောင်လေး"

ကျွန်တော်က သတိထားပါ့မယ်လို့ပြောပြီး ကျွန်တော့်မေးခွန်းတွေကို ကူညီတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောလိုက်တယ်။ ပြီးတော့ ခြံအမှတ်ဖြစ်တဲ့ မစ္စစ်ရှီးယားစ်ရဲ့ဘေးခြံကိုသွားခဲ့တယ်။

ခြံအမှတ်(...)မှာ နေထိုင်သူကတော့ မစ္စတာပိုက်စ်နဲ့ မစ္စတာဝိုက်စ်ရဲ့ မိခင်တို့ နေထိုင်ကြပါတယ်။ သူ့မိခင်က ဘီးတပ်ကုလားထိုင်နဲ့မို့ မစ္စတာ ဝိုက်စ်အတူနေပြီး မိခင်ကိုဈေးဆိုင်တွေပို့ပေး ဟိုနားသည်နားကားမောင်း ပို့ပေးရပါတယ်။

တံခါးလာဖွင့်ပေးသူက မစ္စတာဝိုက်စ်ပါ။ သူ့ဆီက ကိုယ်နံ့ကိုရသလို ဘီစကွတ်နဲ့ ပေါက်ပေါက် အဟောင်းအနံ့ပါရလိုက်တယ်။ ဒါမျိုး ဟာ ရေမချိုးဘဲအကြာကြီးနေတဲ့သူတွေဆီက ရလေ့ရှိပါတယ်။ ကျောင်း က ဂျေဆင်အနံ့မျိုးပါ၊ သူကဆင်းရဲလို့ပါ။

ကျွန်တော်မစ္စတာဝိုက်စ်ကို မေးလိုက်တယ်၊ ကြာသပတေးနေ့ညက ဝယ်လင်တန်ကို ဘယ်သူသတ်သွားသလဲလို့။

သူက "ဟသောက်ကျိုးနည်း၊ ပုလိပ်တွေကလည်း တဖြည်းဖြည်းငယ်ငယ်လာပါ့လားဟင် ဟေ့ကောင်" ပြီးတော့ သူ ရယ်လိုက်တယ်။ လူတွေ ကျွန်တော်ကိုကြည့်ပြီး ရယ်တာကို ကျွန်တော်မကြိုက်ဘူး။ ဒါနဲ့ ကျွန်တော်နောက်လှည့်ပြန်ခဲ့တယ်။

ကျွန်တော်အိမ့်ဘေးက ခြံနံပါတ် ၃၈ ရဲ့ တံခါးကိုတော့ မခေါက်ပါဘူး။ အဲဒီအိမ်မှာနေတဲ့ သူတွေက ဆေးချကြတယ်။ အဖေက သူတို့နဲ့ လုံးဝအဆက်အဆံမလုပ်ဖို့မှာထားတယ်။ ဒါကြောင့်ပါ၊ သူတို့ ဟာ ညဘက်မှာ သီချင်းအကျယ်ကြီးဖွင့်တယ်၊ လမ်းထဲမှာကျွန်တော် သူတို့

mgyoe.com

mgyoe.com


နဲ့ တစ်ခါတစ်ရံတွေ့ရင် ခြောက်လှန့်တယ်၊ တကယ်တော့ သူတို့ အိမ်လည်းမဟုတ်ပါဘူး။

နောက်တော့ ကျွန်တော်ခြံအမှတ် (၃၉) မှာ နေထိုင်တဲ့ အမျိုးသမီးကြီးကို သတိထားမိတယ်၊ သူက မစ္စစ်ရှိုးယားရဲ့ ဆောအိမ်ကပါ။ သူမက ဥယျာဉ်ရှေ့ဘက်ခြံစည်းရိုးပင်တွေကို လျှပ်စစ်ကပ်ကြေးနဲ့ ညှိပေးနေတယ်။ သူမနာမည်းက မစ္စစ်အလက်ဇန္ဒားပါ။ သူမမှာ ခွေးတစ်ကောင်ရှိတယ်၊ ကျောလျားရှည်ခွေးပုဒက်ရှန်းပါ၊ ဒါကြောင့် သူမဟာ စိတ်ကောင်းရှိနိုင်တယ်၊ ခွေးတစ်ကောင်ကိုပိုင်တယ်ဆိုတော့လေ၊ ဒါပေမဲ့ ခွေးကတော့ ခြံထဲမှာမရှိပါဘူး၊ အိမ်ထဲမှာ။

မစ္စစ်အလက်ဇန္ဒားကဂျင်းပန်နဲ့ လေ့ကျင့်ရေးဖိနပ်ကိုစီးထားတယ်၊ အသက်ရလာတဲ့ အမျိုးသမီးတွေ ဝတ်လေ့မရှိတဲ့ပုံစံပေါ့။ ဂျင်းမှာ ရွှံ့တွေပေနေတယ်။ ဖိနပ်က NB အမျိုးအစားပါ ဖိနပ်ကြိုးကအနီရောင်၊

ကျွန်တော်မစ္စစ်အလက်ဇန္ဒားဆီ လျှောက်သွားပြီး ခင်ဗျားဝယ်လင်တန်အသတ်ခံရတာနဲ့ပတ်သက်ပြီး ဘာတွေသိထားလဲ" သူမက လျှပ်စစ်ကတ်ကြေးကို ပိတ်လိုက်ပြီး မင်းငါ့ကိုနောက်တစ်ခါလောက် ပြန်ပြောစမ်းပါဦး၊ ငါက နားနည်းနည်းလေးတယ်လို့" ဆိုတယ်။

ဒါနဲ့ ကျွန်တော်လည်း "ခင်ဗျားဝယ်လင်တန် အသတ်ခံရတာနဲ့ ပတ်သက်ပြီး ဘာတွေသိထားလဲ"

သူမ "မနေ့ကကြားလိုက်တယ်၊ အိုးဆိုးလိုက်တာ၊ ဆိုးလိုက်တာ"

ကျွန်တော် "ဘယ်သူသတ်သလဲခင်ဗျားသိသလား"

သူမ "ဟင့်အင်းငါမသိဘူး"

ကျွန်တော် "တစ်ယောက်ယောက်တော့ သိကိုသိရမယ်၊ ဘာလို့ဆို ဝယ်လင်တန်ကို သတ်တဲ့သူက သူတို့ ဝယ်လင်တန်ကိုသတ်ခဲ့တယ်ဆိုတာသိတယ်။ သူတို့ဟာ မဟုတ်မှလွဲရော အရူးတွေ ဒါမှမဟုတ်

mgyoe.com

mgyoe.com


ကိုယ့်ကိုယ်ကိုယ်ဘာလုပ်မှန်းမသိတဲ့သူတွေ၊ ဒါမှမဟုတ် အတိတ်မေ့ရောဂါ သည်တွေဖြစ်ရမယ်။

သူမ "ကောင်းပါ့ကွယ်၊ မင်းတွေးတာအမှန်ဖြစ်နိုင်ဘယ်"

ကျွန်တော် "ကျေးဇူးနော်၊ ကျွန်တော်စုံစမ်းတာကို ကူညီပေးတဲ့အတွက်"

သူမ "မင်းခရစ္စတိုဖာ၊ ဟုတ်ပါတယ်နော်"

ကျွန်တော် "ဟုတ်ကဲ့ ကျွန်တော်ခြံ (၃၆) ကလေ"

သူမ "ငါတို့ အရင်ကမစကားမပြောဖူးဘူး၊ ဟုတ်တယ်မဟုတ်လား"

ကျွန်တော် လူစိမ်းတွေနဲ့ စကားပြောတာကျွန်တော်သဘောမကျလို့ပါ၊ ဒါပေမဲ့ ကျွန်တော်စုံစမ်းရေးအလုပ်တော့ လုပ်နေပါတယ်"

သူမ "ငါမင်းကျောင်းသွားတာကို နေ့တိုင်းတွေ့ပါတယ်"

ကျွန်တော်ပြန်မဖြေတော့ပါ။

ကျွန်တော်စကားမပြန်တော့ပါ။ မစ္စစ်အလက်ဇန္ဒား စကားစမည်ပြောပါတော့မယ်။ လူတွေပြောနေတဲ့ စကားစမြည်ထဲမှာ မေးခွန်းလည်းမရှိ၊ အဖြေလည်း မရှိ ပြီးတော့ အဆက်အစပ်မရှိတာတွေလေ၊ ပြီးတော့ပြောပါသေးတယ် "မင်းစုံစမ်းရေးအလုပ်လုပ်နေတယ်ဆိုတာနဲ့တင် ကောင်းနေပါပြီ"

ကျွန်တော် "ကျေးဇူးပဲ" နောက်တစ်ခါထပ်ပြောရတယ်။

ကျွန်တော် လှည့်ပြန်မယ်အလုပ်မှာ သူပြောလိုက်ပါသေးတယ်။

"ငါ့မှာ မင်းအရွယ်မြေးတစ်ယောက်ရှိတယ်"

ကျွန်တော် စကားစမြည်ပြောဖို့ ကြိုးစားရင်းပြောလိုက်တယ်။ ကျွန်တော့်အသက် ၁၅ နှစ် ၃လ ၃ရက်။

သူမ "အဲဒီလောက်နီးပါးပါပဲ" သူမစကားဆက်မပြောခင်

mgyoe.com

mgyoe.com


အနည်းငယ်ငြိမ်သက်သွားတယ်။ မင်းမှာ ခွေးတစ်ကောင်မှ မရှိဘူးနော်၊ ဟုတ်လား"

ကျွန်တော် "ဟုတ်တယ်"

သူမ "မင်းဟာခွေးချစ်သူတစ်ယောက်ဖြစ်ကောင်းဖြစ်နိုင်တယ်"

ကျွန်တော် "ကျွန်တော့်မှာ ကြောင်တစ်ကောင်ရှိတယ်"

သူမ "ကြောင်တစ်ကောင်"

ကျွန်တော် "တိုဘီလို့ခေါ်တယ်"

သူမ "အိုး"

ကျွန်တော် "အများအားဖြင့် လူတွေက ကြောင်ကိုမနှစ်သက်ကြဘူး။ ဘာလို့ဆို သူတို့က ပုလိပ်ရောဂါကို သယ်ဆောင်တယ်ထင်လို့လေ၊ ဒါပေမဲ့ အခြားအကြောင်းက သူတို့ရေဆိုးတွေရှိတဲ့နေရာတွေမှာနေတယ်၊ သင်္ဘောပေါ်ခိုးလိုက်လာပြီ အခြားတိုင်းပြည်ကရောဂါပိုးအသစ်အဆန်းတွေသယ်ဆောင်လာတယ်၊ ဒါပေမဲ့ ကြောင်တွေဟာ အလွန်သန့်ပါတယ်။ တိုဘီဆိုနေ့တိုင်း သူ့ကိုယ်သူ သန့်ရှင်းရေးလုပ်တယ်၊ သူ့ကို အပြင်ထွက်လမ်းလျှောက်ခေါ်ဖို့ မလိုဘူး။ ကျွန်တော့်အခန်းထဲမှာပဲ ပတ်လျှောက်စေတယ်။ ကိုယ်လက်လှုပ်ရှားမှုဖြစ်တာပေါ့။ တစ်ခါတလေ ကျွန်တော်ပခုံးပေါ်မှာ ထိုင်တတ်ပြီး ကျွန်တော့် အင်္ကျီလက်ထဲမှာလည်း ပုန်းနေတတ်တယ်။ မြေကျင်းလိုပေါ့လေ၊ ကြွက်တွေဟာ သဘာဝအားဖြင့်တော့ မြေကျင်းထဲမှာနေလေ့မရှိဘူး။

မစ္စစ်အလက်ဇန္ဒားက "လက်ဖက်ရည်သောက်ရအောင် အိမ်ထဲဝင်လေ" တဲ့

ကျွန်တော် "သူများအိမ်ထဲဝင်လေ့မရှိလို့ပါ"

သူမ "ကောင်းပြီ၊ ငါဒီကိုယူလာခဲ့မယ်လေ၊ မင်းလီမွန်ဖျော်ရည်ကြိုက်လား"

mgyoe.com

mgyoe.com


"ကျွန်တော် လိမ္မော်ဖျော်ရည်ပဲကြိုက်တယ်" လို့ ဖြေလိုက်တယ်။

သူမ "ကံကောင်းတယ်၊ အိမ်မှာအဲဒါရှိတယ်၊ ဘင်တန်ဘာ့ခ်ဆိုရင်ကောဖြစ်လား"

ကျွန်တော် "မသိဘူး၊ ကျွန်တော် ဘင်တန်ဘာခ့်ကိုမသိဘူး"

သူမ "ကိတ်တစ်မျိုးပဲ၊ အလယ်မှာ လေးထောင့်ပုံပန်းရောင်နဲ့ အဝါရောင်လေးကွက်ရှိတယ်၊ အနားပတ်လည်မှာတော့ သကြားကြက်ဥနဲ့ လုပ်ထားတဲ့အချိုအုပ်ထားတယ်"

ကျွန်တော် "ကိတ်မုန့်ရှည်မလား၊ လေးထောင့်ပုံထောင့်ဖြတ် ညီညီညာညာပိုင်းထားတာ၊ လေးဒေါင့်ကွက်မှာ အရောင်တစ်မျိုးစီခြယ်ထားတာလား"

သူမ "ဟုတ်တယ်၊ မင်းပုံဖော်တဲ့အတိုင်းဖြစ်နိုင်တယ်"

ကျွန်တော် "ကျွန်တော် ပန်းရောင်လေးထောင့်ကို ကြိုက်တယ်၊ အဝါရောင်တော့ မကြိုက်ဘူး မာဇီပင်ကိုတော့ ကျွန်တော်မမြင်ဖူးတော့ သူ့အရောင်ကို ကျွန်တော်ကြိုက်မှကြိုက်ပါ့မလား"

သူမ "ငါထင်ပါတယ် မာဇီပင်ကလည်း အဝါရောင်ပဲ၊ အဲဒီအစားငါဘီစကွတ်ယူလာပေးရမလား၊ ဘီစကွတ်ကြိုက်ရဲ့လား"

ကျွန်တော် "ဟုတ်ကဲ့ အချို့ကိုပေါ့လေ"

သူမ "ငါတကယ်ကောင်းတာပေးမယ်"

နောက်တော့ သူမအိမ်ထဲကို လှည့်ဝင်သွားတယ်။ သူမဖြည်းညင်းစွာ လှုပ်ရှားလာပါတယ်၊ ဘာလို့ဆို အသက်ကြီးပြီကိုး၊ အိမ်ထဲမှာ ၆မိနစ်လောက်ကြာသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ဂနာမငြိမ်ဖြစ်လာပါရောလား၊ ဘာလို့ဆို သူမအထဲမှာ ဘာလုပ်နေတယ် မသိနိုင်ဘူးလေ။ အကြောင်းလည်းကောင်းကောင်းသိတာမဟုတ်ဘူး၊ သူပြောတဲ့ လိမ္မော်ဖျော်ရည်နဲ့ ဘင်တန်ဘာ့ ကိတ်ကျွေးမယ်ဆိုတာကော အမှန်ပြောနေတာ

mgyoe.com

mgyoe.com


လား၊ ပြီးတော့ ကျွန်တော်တွေးတာက သူမ ပုလိပ်ကိုများ ဖုန်းဆက်နေတာလားပေါ့၊ အဲဒါဆိုရင်တော့ ကျွန်တော် အကြီးအကျယ်ပဲ၊ ဒါကြောင့် ကျွန်တော်လစ်ထွက်ခဲ့တယ်။

နောက်တော့ ကျွန်တော်လမ်းဖြတ်ကူးနေတဲ့အချိန်မှာ ကျွန်တော်ရဲ့ ဝယ်လင်တန်ကို ဘယ်သူသတ်သလဲဆိုတဲ့ ဉာဏ်ကွန့်မြူးမှုတွေပိုမိုရိုက်ခတ်လာပါတယ်။ ကျွန်တော်ခေါင်းထဲမှာ ပေါ်လာတဲ့ ကျိုးကြောင်းပြကွင်းဆက်တွေက အောက်ပါအတိုင်း ပေါ်လာတော့တယ်။

၁. ခွေးတစ်ကောင်ကို ဘာကြောင့်သတ်ချင်ရတာသလဲ၊ မေးရင်

က. သင်ကခွေးကိုမုန်းတီးလို့

ခ. သင်ရူးနေလို့

ဂ. မစ္စစ်ရှီးယားစ်ကို စိတ်မချမ်းသာအောင်လုပ်ချင်လို့

၂. ကျွန်တော်လည်းဝယ်လင်တန်ကို ဘယ်သူမုန်းတယ်ဆိုတာ မသိတော့၊ ဖြစ်မယ့်ဖြစ်

က. သူစိမ်းတစ်ယောက်ဖြစ်ဖို့များတယ်

၃. ကျွန်တော်က ဘယ်အရူးတစ်ယောက်ယောက်ကိုမှ မသိ လေတော့၊ ဖြစ်မယ့်ဖြစ်

ခ. ဒါလည်းသူစိမ်းတစ်ယောက်ပဲဖြစ်မယ်

၄. အများအားဖြင့် လူသတ်မှုတွေမှာ ကျူးလွန်တဲ့သူတွေဟာ ခံရတဲ့သူတွေရဲ့ အသိထဲကဖြစ်လေ့ရှိတယ်၊ တကယ်တော့၊ သင်ဟာ နာတာလူးပွဲတော်အခါမှာဆိုရင် သင့်ကိုသတ်တဲ့သူဟာ သင့်မိသားစုဝင် ထဲကပဲ ဖြစ်ဖို့များတယ်၊ အမှန်အားဖြင့်၊ ဝယ်လင်တန်ကို

mgyoe.com

mgyoe.com


သိတဲ့သူကပဲ သူ့ကို သတ်သွားတာဖြစ်ဖို့များတယ်၊

၅. ဒါဆိုရင်

က. ကျွန်တော် မစ္စစ်ရှိုယားစ်ကို မနှစ်သက်သူ
တစ်ယောက်ကို ကောင်းကောင်းသိတယ်၊
သူကတော့ မစ္စတာရှိုးယားစ်ပါပဲ၊ ဝယ်လင်တန်ကို
လည်းကောင်းကောင်းသိသူပဲပေါ့။

ဆိုလိုတာက မစ္စတာရှိုးယားစ်ဟာ ကျွန်တော်ရဲ့ အဓိကသံသယဖြစ်သူပေါ့။

မစ္စတာရှိုးယားစ်က မစ္စစ်ရှိုးယားစ်ကို လက်ထပ်ပြီး အတူနေလာတာလွန်ခဲ့တဲ့ ၂ နှစ်လောက်ကအထိပေါ့။ ပြီးတော့ မစ္စတာရှိုးယားစ်ထွက်သွားတာ၊ ပြန်မလာတော့ဘူးပေါ့၊ ဒါကြောင့်လည်း မစ္စစ်ရှိုးယားစ်က အမေဆုံးပြီးတဲ့နောက်မှာ အိမ်လာပြီး ချက်ပြုတ်ပေးတာပေါ့။ သူမမှာ သူယောကျ်ားအတွက်လည်း လုပ်ပေးစရာမလိုသလို သူ့အိမ်မှာ သူ့ယောကျ်ားအတွက် အချိန်ပေးစရာမလိုတော့ဘူးမဟုတ်လား၊ အဖေကတော့ သူမမှာအဖော်သဟဲတော့ လိုနေပြီ။ တစ်ဦးတည်း မရပ်တည်သင့်တော့ဘူးလို့။

တစ်ခါတလေတော့ မစ္စစ်ရှိုးယားစ်ကျွန်တော်တို့ အိမ်မှာ ညည့်အိပ်ညည့်နေလာနေတတ်ပါတယ်။ ဒါကိုကျွန်တော်ကြိုက်တယ်၊ သူမက အရာရာကို သေသေသပ်သပ်လုပ်တတ်လို့လေ၊ ပန်းကန်ခွက်ယောက်တွေကိုလည်း မီးဖိုချောင်ကစင်ပါမှာ ညီညီညာညာစီထားတာ၊ သူတို့ရဲ့ တံဆိပ်အမှတ်အသားတွေကိုလည်း မျက်နှာမူပြီး ထားတာရယ်၊ ဓားတွေ ခက်ရင်းတွေ ဇွန်းတွေကိုလည်း သူ့နေရာနဲ့သူအံဆွဲထဲ စီထည့်ထားတာတွေကိုပေါ့၊ ဒါပေမဲ့ သူမကဆေးလိပ်သောက်တတ်တယ်။ ပြီးတော့ ကျွန်တော်မသိတဲ့ စကားတွေအများကြီးပြောတတ်တယ်။ ဥပမာ

mgyoe.com

mgyoe.com



“ငါတော့အဲဒီဟေားကို တီးပစ်တော့မလို့” တို့ ကြေးနီး မြောက်တွေ လွတ်နေတာလေ”တို့၊ “အကျိုးဘောင်းဘီအနားစတွေကို ကတိုက်ကရိုက် ထိုးသိမ်းလိုက်ကြရအောင်တို့ စသည်ဖြင့်ပေါ့လေ၊ အဲလို တွေပြောလာတဲ့ အခါသူမကို ကျွန်တော်မနှစ်သက်ဘူး၊ ဘာလို့ဆို သူဘာ ကိုဆိုလိုတယ် ဆိုတာ ကျွန်တော်နားမလည်လို့ပါ။ ကျွန်တော်နားမလည် တာတစ်ခုက ဘာကြောင့် မစ္စတာရှိုးယားစ်က မစ္စစ်ရှိုးယားစ်ကို ပစ်သွားသလဲဆိုတာ ကိုပဲ၊ ဘယ်သူမှလည်း ကျွန်တော့်ကို ပြောမပြဘူးလေ၊ ဒါပေမဲ့ အိမ်ထောင်ပြုတာအတူနေဖို့ ကလေးတွေမွေးကြဖို့ မဟုတ်လား၊ ဘုရား ကျောင်းမှာ လက်ထပ်တယ်ဆိုကတည်းက သစ္စာကတိပြုခဲ့ကြတာ နေပါ့မယ်သေမှပဲ ခွဲခွာကြစတမ်းဆိုပြီးတော့လေ။

ပြီးတော့ သင်တို့ အတူမနေချင်ကြတော့ဘူးဆိုရင် ကွာရှင်းလိုက် ကြတာပဲလေ၊ ဘာလို့ဆို သင်တို့ထဲက တစ်ယောက်ယောက်က ဖောက် ပြန်နေလို့ သော်လည်းကောင်း၊ ဒါမှမဟုတ် တစ်ယောက်ကို တစ် ယောက်အပြစ်တွေတင်ကြတဲ့အခါ၊ မုန်းတီးလာကြတဲ့အခါ တစ်အိမ်တည်း အတူမနေချင်တော့၊ သားသမီးလည်း မမွေးချင်တော့တဲ့အခါမှာ ဖြစ်ကြ တာပဲလေ။

နောက်တော့ မစ္စတာရှိုးယားစ်က မစ္စစ်ရှိုးယားစ်နဲ့ ဘယ်လိုမှ အတူ မနေနိုင်တော့တဲ့ အဆုံးမှာ သူမကို မုန်းတီးလာတယ်၊ ဒါနဲ့ သူမကို စိတ်မချမ်းမြေ့အောင်လို့ အိမ်ပြန်လာပြီး ခွေးကိုသတ်သွားတာ ဖြစ်နိုင် တယ်။

ကျွန်တော်ဆုံးဖြတ်လိုက်တယ်၊ မစ္စစ်ရှိုးယားစ်အကြောင်းကို ပိုမို သိရှိအောင်ရှာဖွေဖော်ထုတ်မယ်လို့ပါ။

❑

mgyoe.com

mgyoe.com

(၇၁)

ကျွန်တော့်ကျောင်းက ကလေးတွေအားလုံးဟာ ခပ်အအတွေပါ၊ ကျွန်တော်ကလွဲရင်လို့ မဆိုလိုပါဘူး၊ သူတို့ဘယ်လောက်ပဲ အအပေါ့လေ၊ ကျွန်တော်ဆိုလိုတာက သူတို့မှာ အကြားအာရုံနဲ့ ပတ်သတ်လို့ အခက်အခဲရှိတယ် ဒါမှမဟုတ် သူတို့မှာ အထူးလိုအပ်ချက်တွေရှိနေပါတယ်၊ ပြင်သစ်စကားပြောသင်ကြားရေး ခက်ခဲတာရယ်၊ အနုမာနအယူအဆကို နားလည်ဖို့ခက်ခဲတာရယ်၊ လူတိုင်းမှာ အထူးလိုအပ်ချက်တွေအသီးသီးရှိနေကြတာရယ်က သင်ကြားရေးအခက်အခဲတွေဖြစ်ပြီး အတတဖြစ်နေတာပါပဲ၊ အဖေ့လိုပေါ့လေ၊ သူမဝအောင်လို့ ကော်ဖီသောက်ရင်ထည့်ဖို့ သွားလေရာရာ ဆေးသကြားအထုပ်ကလေးတွေ သယ်သွားတတ်တယ်၊ ဒါမှမဟုတ်မစ္စစ်ပီးတားစ်ဒိုရင် ရွှေအိုရောင်နားကြားကိရိယာတပ်ထားတာရယ်၊ ပြီးတော့ဆေ့ဘာန်ဆိုရင် မျက်မှန်အထူကြီးတပ်လို့၊ တကယ်လို့များ သူတို့ ပစ္စည်းများ ခဏယူကြည့်ပါလား၊ ခေါင်းပါကိုက်သွားမယ်၊ သူတို့မှာ အားလုံး အထူး

mgyoe.com

mgyoe.com


လိုအပ်ချက်တွေ ရှိနေကြတာဆိုတော့ အားလုံးမှာ ဘာလိုအပ်ချက်မှ မရှိသလိုအတူတူပဲဆိုပါတော့။

ဒါပေမဲ့ဆော့ဟန်ကပြောတယ်၊ ကျွန်တော်တို့ရဲ့အသုံးအနှုန်းကိုပေါ့လေ။ ကျွန်တော်တို့က ကျောင်းက ကလေးတွေကို spaz (ဉာဏ်ရည်နိမ့်သူ)၊ crip (ကိုယ်အင်္ဂါမသန်စွမ်းသူ)၊ mong (စိတ်ဝေဒနာသည်) စသည်အားဖြင့်မနှစ်မြို့ဖွယ် အသုံးအနှုန်းတွေ သုံးလေ့ရှိတယ်၊ ဒါဟာလည်းပဲ မိုက်မဲခြင်းပဲမဟုတ်လား၊ ပုံမှန်ကျောင်းက ကျောင်းသားတွေကျောင်းဆင်းလို့ ကျွန်တော်တို့ ကျောင်းကားပေါ်ကအဆင်းမှာတွေ့ပြီဆိုရင် ကျွန်တော်တို့ကို 'ပြားကိုးဆယ်၊ ပြားကိုးဆယ်' လို့အော်ဟစ်နောက်ပြောင်တတ်ကြတယ်၊ ကျွန်တော်က ဂရုမစိုက်ဘဲ မကြားသလိုနေလိုက်တယ်၊ စကားလုံးလောက်နဲ့တော့ ကျွန်တော့်ကိုမနာကျင်စေပါဘူး၊ ကျွန်တော့်မှာမောင်းချစရာရှိတာပဲ၊ တကယ်လို့ ကျွန်တော်ကိုထိုးရင် ကျွန်တော်ကသတ်ပစ်မှာ၊ ကိုယ့်ကိုယ်ကိုယ်ခုခံတဲ့အတွက်တော့ ထောင်မကျပါဘူး။

ကျွန်တော်မတုံးဘူးဆိုတာတော့ သက်သေပြရလိမ့်မယ်၊ နောက်လမှာ သင်္ချာကို အေအတန်းယူပြီး အေအဆင့်နဲ့ အောင်အောင်ဖြေပြမယ်၊ ဘယ်သူမှ အရင်က ကျွန်တော်တို့အတန်းမှာ အေအတန်းမယူဘူး၊ ကျောင်းအုပ်ဆရာမကြီး မစ္စစ်ဂစ်ကွဲ့ငိကတော့ ကျွန်တော့်ကို မယူစေချင်ဘူး၊ အေအတန်းဖြေဖို့ သူတို့ဘက်မှာ ပံ့ပိုးမှုမပေးနိုင်လို့ပါ၊ အဖေက ဆရာမကြီးကို စောဒကတတ်တဲ့အခါ ဆရာမကြီးစကားကြောင့် အတော်အချေအတင်ဖြစ်ခဲ့ရတယ်၊ သူမကအားလုံးနဲ့ကျွန်တော့်ကိုတစ်တန်းတည်း အခွင့်အရေးပေးချင်ကြောင်း၊ ကျွန်တော်ကိုအခြားကျောင်းသားတွေနဲ့မတူဘဲ အခွင့်အရေးပေးလိုက်ရင် အစဉ်အလာဖြစ်သွားမှာ စိုးရိမ်ကြောင်း ပြောတာလေ၊ နောက်တော့လည်း ကျွန်တော်က အေအတန်း

mgyoe.com

mgyoe.com


မှာပဲ စာလုပ်နိုင်လိုက်တယ်၊ အသက်၁၈နှစ်မှာပေါ့။

ဒါတွေကို ဆရာမကြီးပြောနေတဲ့အချိန်မှာ ကျွန်တော်နဲ့အဖေ သူ့ရုံးခန်းထဲမှာရှိနေကြတာပါ၊ အဖေကပြောတယ် 'ခင်ဗျားသူကို ပေါက်ကရမလုပ်ဘူးဆိုရင်တောင်မှ ခရစ္စတိုဖာက သူ့ကိစ္စတွေသူ နိုင်နင်း နေပါပြီ၊ ခင်ဗျားမထင်ဘူးလား၊ ဘုရားရေ၊ ဒါက သူ့ရဲ့ အကောင်းဆုံး အချက်တစ်ချက်ဖြစ်နေပါ့လား'။

မစ္စစ်ဂစ်ကွိုင်နီက ဒီကိစ္စကို နောက်ပိုင်းအချိန်ရရင် ဆက်ဆွေးနွေး ကြတာပေါ့တဲ့၊ အဖေကဒီကိစ္စကို ကျွန်တော်ရှေ့မှာပြောဖို့ ရှက်နေတာ လားမေးတော့၊ မဟုတ်ပါဘူးတဲ့၊ 'ဒါဆိုလည်းခုပြောကြတာပေါ့' လို့ အဖေကပြောတယ်။

သူမက ကျွန်တော်အေတန်းမှာ သင်ချင်ရင်ကျွန်တော့်ကို သီးသန့် ခန်းမှာထားပြီး စောင့်ကြည့်ထိန်းသိမ်းမယ့်သူတစ်ယောက် လိုမယ်တဲ့၊ အဖေကဒီအတွက် ပေါင်၅၀ အတန်းပြီးရင်ပေးမယ်ပေါ့၊ အဖေကတော့ သူမဆီက ဟင့်အင်းဆိုတဲ့အဖြေကို လိုချင်မှာမဟုတ်ဘူး၊ ဆရာမကြီးက သူမ တစ်နေရာသွားပြီး နောက်တော့ဆုံးဖြတ်ပါ့မယ်လို့ပြောတယ်၊ နောက်တစ်ပတ်မှာ အဖေအိမ်မှာရှိနေတုန်း ဆရာမကြီးဆီက ဖုန်းလာ တယ်။ ကျွန်တော်ကို အေအတန်းမှာတက်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့၊ သိက္ခာတော်ရ ဆရာတော်ပီးတားစ်က စာမေးပွဲစောင့်သူအဖြစ် တာဝန် ယူမယ်ဆိုတဲ့ အကြောင်းပါ၊ ကျွန်တော်အေအတန်း သင်္ချာကို ယူပြီးရင် ရူပဗေဒကို ဆက်ယူဦးမှာ၊ သည်တော့မှ ကျွန်တော် တက္ကသိုလ် ဆက်တက်နိုင်မှာလေ။

ကျွန်တော်တို့မြို့ဆွင်ဒန်မှာတက္ကသိုလ်မရှိပါဘူး၊ မြို့ကလေးက သေးတာကိုး၊ ဒါကြောင့် ကျွန်တော်တို့ တက္ကသိုလ်ရှိတဲ့မြို့ကို ပြောင်းဖို့ လိုပါလိမ့်မယ်၊ ကျွန်တော်ကလည်း ကိုယ့်ဘာသာကိုယ် အိမ်တစ်လုံးမှာ

mgyoe.com

mgyoe.com


အခြားကျောင်းသားတွေနဲ့စုပြီးမနေတတ်ပါဘူး၊ ဒါပေမဲ့ အဆင်ပြေသွားတာက အဖေကလည်း တခြားမြို့ကို ပြောင်းချင်နေတာလေ၊ တစ်ခါတလေသူပြောတတ်တာက။ "တို့ဒီမြို့က ထွက်ကြမှနဲ့ တူတယ် ငါ့ကောင်ရေ"

တစ်ခါတလေတော့လည်း 'ဆွင်ဒန်ကတော့ ကမ္ဘာပေါ်က ချောင်ဂလောင်ပဲကွ'

အဲဒီနောက် ကျွန်တော်သချ်ာ သို့မဟုတ် ရူပ သို့မဟုတ် သချ်ာနဲ့ ရူပဗေဒကို အောင်မြင်ခဲ့ရင် ကျွန်တော်အလုပ်တစ်ခုရမယ် ငွေကောင်းကောင်း ရှာနိုင်မယ်၊ ကျွန်တော့်ကို စောင့်ရှောက်တဲ့သူကိုလည်း ပိုက်ဆံပြန်ပေးနိုင်မယ်၊ ချက်ပြုတ်ပေး၊ အဝတ်လျှော်ပေးတဲ့သူတွေကိုပေါ့၊ ပြီးရင် ကျွန်တော် အမျိုးသမီးတစ်ယောက်တော့ ရနိုင်တယ်၊ ကျွန်တော့်ကို လက်ထပ်ပြီး ကျွန်တော့်ဇနီးဖြစ်မယ့် သူကိုပေါ့၊ သူမလည်း ကျွန်တော့်ကို စောင့်ရှောက်နိုင်မယ်၊ ကျွန်တော်လည်း တစ်အိုးတစ်အိမ်နဲ့၊ ကိုယ့်ဘာသာကိုယ်နေစရာ မလိုတော့ဘူးပေါ့။

❑

mgyoe.com

mgyoe.com

(၇၃)

ကျွန်တော် တွေးလေ့ရှိတာက အဖေနဲ့အမေကွာရှင်းကြလေ မှာလားပေါ့။

ဘာလို့ဆို သူတို့အချင်းချင်း အငြင်းအခုံတွေဖြစ်လိုက် တစ်ယောက်ကိုတစ်ယောက် မုန်းတီးလိုက်ကြနဲ့ဖြစ်နေကြတာကိုး၊ ဖြစ်ရတာကလည်း သူတို့က အပြုအမူဆိုင်ရာ ပြဿနာရှိတဲ့ ကျွန်တော့်ကိုစောင့်ရှောက်နေရတဲ့စိတ်ဖိစီးမှုကြောင့်ဖြစ်ရတာပါ၊ ကျွန်တော့်မှာ အပြုအမူဆိုင်ရာ ပြဿနာလေးတွေရှိခဲ့ပါတယ်၊ အခုတော့ကျွန်တော်လည်း ကြီးလာပြီဆိုတော့ ဒီပြဿနာသိပ်မရှိတော့ပါဘူး၊ ဘာလို့ဆို ကျွန်တော် ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လုပ်ကိုင်နိုင်နေပါပြီ၊ အပြင်ထွက်ပြီး လမ်းထိပ်မှာ ကိုယ်တိုင်ဈေးသွားဝယ်တာတို့ဘာတို့ပေါ့လေ။

ကျွန်တော့် အပြုအမူဆိုင်ရာပြဿနာတွေကတော့

က. လူတွေနဲ့အကြာကြီးစကားမပြောတတ်ဘူး

ခ. ဘာမှမစားမသောက်ဘဲလည်းအကြာကြီးနေတတ်တယ်

mgyoe.com

mgyoe.com


ဂ. ကိုယ့်အသားလာထိတာကို မကြိုက်ဘူး
ဃ. စိတ်ညစ်ညူးလာတဲ့အခါနဲ့ စိတ်ဆိုးတဲ့အခါ အော်ဟစ်နေတတ်တယ်။
င. နေရာကျဉ်းကျဉ်းမှာအခြားသူတွေနဲ့မနေတတ်ဘူး

စ. စိတ်ညစ်ညူးလာတဲ့အခါနဲ့ စိတ်ဆိုးတဲ့အခါ တစ်ခုခုကို ရိုက်ခွဲပစ်တတ်တယ်
ဆ. တစ်ညည်းညည်းတညူညူနေတတ်တယ်
ဇ. အဝါရောင်နဲ့ အညိုရောင်ပစ္စည်းတွေကို မနှစ်သက်ဘူး။ အဲဒီအရောင်ပစ္စည်းတွေနဲ့ထိတွေ့ရမှာကိုလည်းငြင်းဆန်တယ်။
ဈ. အခြားတစ်ယောက်ထိတွေ့ထားဖူးတဲ့ သွားတိုက်တံကိုလည်း သုံးဖို့ငြင်းဆန်တယ်။
ည. အခြားအမျိုးအစားမတူညီတဲ့ အစားအသောက်တွေ တစ်ခုနဲ့တစ်ခု ထိနေရင်လည်း အစာမစားတော့ဘူး
ဋ. အခြားသူတွေ ကိုယ့်ကို စိတ်ဆိုးနေတာကိုလည်း သတိမထားမိဘူး။
ဌ. မရယ်မပြုံး။
ဍ. အခြားလူတွေရဲ့ အတွေးအခေါ်က ရိုင်းတယ်လို့ပြောတတ်တယ်။
ပ. မဟုတ်တရုတ်တွေလုပ်လေ့ရှိတယ်။
ဏ. အခြားသူတွေကို ထိုးကြိတ်တတ်တယ်။
တ. ပြင်သစ်ကို မုန်းတယ်။
ထ. အမေ့ကားကို ယူမောင်းတယ်။

mgyoe.com

mgyoe.com


ဒ. အခြားသူတွေက ပရိဘောဂတွေကို ရွှေ့ထားတာကို အမြင်ကတ်တယ်။

တစ်ခါတစ်ခါ အဲသည်အချက်တွေကြောင့် အဖေနဲ့အမေ ကျွန်တော့်ကို စိတ်ဆိုးကြသလို သူတို့အချင်းချင်းလည်း အော်ကြ ဟစ်ကြနဲ့ပေါ့၊ အဖေပြောပါလိမ့်မယ် 'ခရစ္စတိုဖာ မင်းဒီလိုသာ ပြုမူနေရရင် ငါကျိန်ရဲတယ် ငါမင်းကိုအသေအကျေလုပ်ပစ်မိမလားပဲ'

အမေကလည်း ပြောပါလိမ့်မယ် 'ဘုရားရေ ခရစ္စတိုဖာ၊ ငါမင်းကို အိမ်မှာထားဖို့ ကိစ္စကို လေးလေးနက်နက်စဉ်းစားနေပါတယ်' ဒါမှမဟုတ် ပြောပါလိမ့်မယ် 'ခရစ္စတိုဖာ၊ မင်းငါ့ကိုစောစောသေစေချင်နေပြီထင်တယ်' လို့။

* တစ်ခါကဆို ကျွန်တော် အခြားသူတွေနဲ့ စကားမပြောတာ ၅ပတ်တိတိရှိတယ်။
* ကျွန်တော်ဖြနှစ်သားကဆို အမေက ကျွန်တော့်ကို စတော်ဘယ်ရီနံ့ ပါတဲ့အာဟာရကို အမှတ်ပါတဲ့ ကရားနဲ့ တိုက်လေ့ရှိတယ်။ တစ်လီတာရဲ့ ကွာတားလောက်ကို ကျွန်တော် ဘယ်လောက်မြန်မြန် သောက်နိုင်မလဲဆိုပြီး ပြိုင်ခိုင်းတာပါ။
* လူတွေက ပြောလေ့ရှိတယ် အမှန်အတိုင်းပြောရမယ်လို့၊ ဒါပေမဲ့ လူအိုတွေကိုတော့ သူတို့အိုပြီလို့ ပြောခွင့်မရှိဘူး၊ ပြီးတော့ သူတို့ ကိုယ်က အနံ့ဆိုးထွက်တာကိုလည်း ပြောခွင့်မရှိသလို လူကြီးတွေ အီးပေါက်တာကိုလည်း မပြောရဘူး၊ ဒါ့အပြင်တစ်စုံတစ်ယောက် က ကိုယ့်ကို ခါးခါးသီးသီးလုပ်သွားသည့်တိုင်အောင် ငါမင်းကိုမကြိုက်ဘူးလို့ ပြောခွင့်မရှိဘူး။
* မိုက်မဲတဲ့အရာဆိုတဲ့သဘောက သစ်ကြားသီးထောပတ်တစ်ချိုင့်

mgyoe.com

mgyoe.com


ကို စားပွဲပေါ် အကုန်မှောက်ချ ဓားပါးနဲ့ လယ်ဗယ်ညီအောင် စားပွဲတစ်ဖက်ကနေ အခြားတစ်ဖက်ကို ညှိပေးလိုက်သလိုမျိုး၊ သို့မဟုတ် ဂတ်စ်မီးဖိုပေါ်မှာ တစ်စုံတစ်ခုကို မီးရှို့ပြီးဘာဖြစ်သွားမလဲဆိုတာစောင့်ကြည့်တာမျိုး၊ ဥပမာ ကျွန်တော့် ရှူးဖိနပ်တို့၊ အပူခံဖွိုင်တို့၊ သကြားတို့ကို မီးရှို့တာကိုပြောတာ။

* (ကျွန်တော်ဒီလို တစ်ကြိမ်တော့ လုပ်ဖူးပါတယ်၊ အမေမြို့ထဲကို ဘတ်စ်ကားနဲ့ သွားတုန်းက သော့ခဏတောင်းလိုက်တယ်၊ ကျွန်တော် အရင်က ကားတစ်ခါမှ မမောင်းဖူးဘူး၊ အဲဒီတုန်းက အသက် ၈နှစ်နဲ့ ၅လပဲ ရှိသေးတာ၊ ကားကို အုတ်နံရံဆီ ကျွန်တော်မောင်းသွားလိုက်တယ်။ အမေလည်း ဆုံးပြီဆိုတော့ ကားလည်း အဲသည့်နေရာမှာ ရှိမနေတော့ပါဘူး။

စားပွဲတို့ကုလားထိုင်တို့က တစ်ခုနဲ့ တစ်ခုမတူညီကြတော့ မီးဖိုချောင်ထဲမှာနေရာ ရွှေ့ပြောင်းတာကိုတော့ ခွင့်ပြုထားပါတယ်။ ဒါပေမဲ့ အဲလိုတစ်ယောက်ယောက်က ပရိဘောဂတွေကို မီးဖိုထဲ ဒါမှမဟုတ်ထမင်းစားခန်းထဲရွှေ့ပြောင်းတာက ကျွန်တော့်ကို ခေါင်းကိုက်ပြီးမသက်မသာဖြစ်ရပါတယ်။

အမေကတော့ အဲဒီအလုပ်ကို ဖုန်စုပ်တဲ့အခါလုပ်လေ့ရှိတယ်။ ကျွန်တော်ကရွှေ့လိုတဲ့နေရာ အတိုင်းအတာတိုင်းပေး၊ သူ့နေရာနဲ့ သူပြန်နေရာချပေးရမှ စိတ်ထဲမှာသက်သာရာရတော့တယ်။ အမေဆုံးပြီးတော့ အဖေက အဲဒီအလုပ်မလုပ်တော့ ပြဿနာမရှိဘူး။ မစ္စစ်ရှီးယားစ်တစ်ခါလောက် ဖုန်စုပ်ပါတယ်၊ ကျွန်တော်က သူ့ကို အကြီးအကျယ်အော်ဟစ်၊ သူမကလည်း အဖေ့ကိုအော်နဲ့ပေါ့။ နောက်ဆုံးတော့ မစ္စစ်ရှီးယားစ်အဲဒီအလုပ်ကို မလုပ်တော့ဘူး။)

❑

mgyoe.com

mgyoe.com

## (၇၉)

ကျွန်တော် အိမ်ပြန်ရောက်တော့ အဖေက မီးဖိုခန်းထဲက စားပွဲမှာ ထိုင်နေတယ်၊ ကျွန်တော့်အတွက်ညစာကိုသူလုပ်ထားပြီးပါပြီ၊ သူက LUMBERJACK SHIRT ကိုဝတ်ထားလျက်နဲ့ပါ၊ ညစာကတော့ ပဲသီးနဲ့ ပန်းဂေါ်ဖီစိမ်းကိုမီးဖုတ်ထားပြီး၊ ဝက်ပေါင်သားနှစ်ချပ်နဲ့ ပန်းကန်ပြားပေါ် ပြင်ဆင်ထားပေမယ့် မတို့မထိရသေးပါဘူး။

သူက "မင်းဘယ်သွားနေလဲ"

ကျွန်တော် "အပြင်သွားတာ" ဒါကို မုသားဖြူလို့ခေါ်တယ်၊ မုသားဖြူဆိုတာ မုသားလုံးလုံးတော့ မဟုတ်ပါဘူး၊ ဒါက သင်အမှန်တရားကို ပြောတော့ပြောတာပဲ၊ လုံးဝအမှန်တွေချည်းပဲတော့ မဟုတ်ဘူး၊ အဓိပ္ပာယ်က သင်ပြောသမျှ အရာအားလုံးဟာ မုသားဖြူချည်းပဲ ဘာလို့ဆို ဥပမာအားဖြင့်လူတချို့က ပြောမယ်ဗျာ "ခင်ဗျား ဒီနေ့ ဘာလုပ်ချင်သလဲ" ဆိုပါတော့ခင်ဗျားက "မစ္စစ်ပီတာနဲ့ပန်းချီဆွဲမလို့" ဒါပေမဲ့ ခင်ဗျားထုတ်မပြောတာက "ကျွန်တော် နေ့လယ်စာ

mgyoe.com

mgyoe.com


စားချင်တယ်၊ ကျွန်တော်အိမ်သာတက်ချင်တယ်၊ ကျွန်တော် ကျောင်းအပြီး အိမ်ပြန်ချင်တယ်၊ ကျွန်တော်တိုဘီနဲ့ ဆော့ချင်တယ်၊ ကျွန်တော်ညစာ စားချင်တယ်၊ ကျွန်တော်ကွန်ပျူတာနဲ့ ဆော့ချင်တယ်၊ ပြီးတော့ ကျွန်တော် အိပ်ရာဝင်ချင်တယ်" ဆိုတာတွေကိုပေါ့ဗျာ၊ ဒီတော့ ကျွန်တော်မှသားဖြူ ကို ပြောရတာပဲ၊ ဘာလို့ဆိုအဖေက ကျွန်တော့်ကို စုံထောက်မဖြစ်စေချင်ဘူးလေ။

အဖေက "အခုလေးတင်မစ္စစ်ရှီးယားစ်ဆီကဖုန်းရတယ်"

ကျွန်တော် ကျွန်တော့်ညစာဖြစ်တဲ့ပဲသီး၊ဂေါ်ဖီစိမ်းကင်နဲ့ ဝက်ပေါင်သားတွေကို စစားလိုက်တယ်၊

အဖေကမေးတယ် "မင်းက မစ္စစ်ရှီးယားစ်အိမ်ထဲ ဟိုရှာ သည်ရှာ လုပ်ရအောင် မင်းကဘာကောင်မို့လဲ"

ကျွန်တော် "ဝယ်လင်တန်ကို ဘယ်သူသတ်တယ်ဆိုတာ ဖော်ထုတ်ဖို့ ကျွန်တော် စုံထောက်အလုပ်ကို လုပ်ခဲ့တာပါ"

အဖေ "ခရစ်စ္စတိုဖာ မင်းကို ဘယ်နှခါပြောရမလဲ"

ကျွန်တော့် "ပဲသီး၊ ပန်းဂေါ်ဖီစိမ်းနဲ့ ဝက်ပေါင်ခြောက်တွေက အေးနေပါပြီ၊ ကျွန်တော်က ညစာကို ဖြည်းဖြည်းချင်းစားတော့ ကျွန်တော် ညစာကအေးစက်သွားတာပါ။"

အဖေ "ငါမင်းကို သူများကိစ္စထဲ ဝင်မပါဖို့ပြောထားတယ် မဟုတ်လား"

ကျွန်တော် "မစ္စတာရှီးယားစ်က ဝယ်လင်တန်ကို သတ်တာဖြစ်နိုင်တယ်"

အဖေတစ်ခွန်းမှမပြောဘူး။

"သူက ကျွန်တော်ရဲ့ အဓိကမသင်္ကာသူပဲ၊ ကျွန်တော် ယူဆတာက တစ်ယောက်ယောက်က မစ္စစ်ရှီးယားစ် စိတ်ဆင်းရဲအောင်

mgyoe.com

mgyoe.com


ဝယ်လင်တန်ကိုသတ်ပစ်တာနေမှာ၊ သတ်တဲ့သူဟာ အသိထဲကပဲ ဖြစ်ရမယ်"

အဖေကလက်သီးနဲ့ စားပွဲကို ခပ်ပြင်းပြင်းထုလိုက်ပါတယ်၊ ဒါကြောင်ပန်းကန်ပြားနဲ့ ဓားရယ် ခက်ရင်းတွေခုန်ပျံပြီးတော့ ကျွန်တော့် ဝက်ပေါင်ခြောက်လည်း ဂေါ်ဖီစိမ်းဆီ ဘေးတိုက်လွှင့်စဉ် သွားပါလေရော၊ ဒါကြောင့်ကျွန်တော်လည်း ဝက်ပေါင်ခြောက်နဲ့ ဂေါ်ဖီစိမ်းကို ဆက်မစားတော့ဘူး၊

"ငါ့အိမ်ပေါ်မှာ ဒီကောင့်နာမည်ကိုခေါ်တာ ငါလုံးဝ မကြားချင်ဘူး" လို့သူအော်ဟစ်လိုက်တယ်

ကျွန်တော် "ဘာလို့လဲအဖေ"

သူက "ဒီလူကမိစ္ဆာကောင်ပဲ"

ကျွန်တော် "အဓိပ္ပာယ်က ဒီလူ ဝယ်လင်တန်ကို သတ်နိုင်တာပေါ့နော်"

အဖေက သူ့မျက်နှာကို လက်နဲ့အုပ်ပြီး "ကိုယ်တော်ကြေကွဲပါတယ်"

အဖေ ကျွန်တော့်ကို စိတ်ဆိုးနေပြီဆိုတာ ကျွန်တော်သိတယ်၊ ဒါနဲ့ ကျွန်တော်က "ကျွန်တော်သိတယ် အဖေက အခြားလူတွေ ကိစ္စဝင်မပါဖို့ကို ပြောလိမ့်မယ်၊ ဒါပေမဲ့ အဖေ မစ္စစ်ရှီးယားစ်က ကျွန်တော်တို့မိတ်ဆွေတစ်ယောက်ပဲ မဟုတ်လား"

အဖေက "အေး၊ မစ္စစ်ရှီးယားစ်က ဘယ်သူ့မိတ်ဆွေမှမဟုတ်ဘူး"

ကျွန်တော် "ဘာလို့"

အဖေ "အိုခေ၊ ခရစ္စတိုဖာ၊ ငါမင်းကို နောက်ဆုံးအကြိမ်အနေနဲ့ ပြောမယ်၊ မင်းကိုထပ်မပြောတော့ဘူး၊ ကျေးဇူးပြုပြီး ငါစကားပြောတဲ့ အခါ ငါ့မျက်နှာကို စေ့စေ့ကြည့်စမ်းပါ၊ ဒီမှာကြည့်စမ်း၊ မင်းမစ္စစ်ရှီးယားစ်

mgyoe.com

mgyoe.com


ကို သောက်ခွေးကို ဘယ်သူသတ်သလဲလို့ သွားမမေးရဘူး၊ အခြား ဘယ်သူ့ကိုမှလည်း သည်သောက်ခွေးကို ဘယ်သူသတ်လဲ မေးမနေနဲ့၊ မင်း သူတစ်ပါးအိမ်ရာကိုလည်း သွားမကျူးကျော်နဲ့၊ မင်းရဲ့ ကြောင်တောင်တောင် စုံထောက်လုပ်တမ်း ကစားနေတာကိုလည်း ခုချက်ချင်း ရပ်ကိုရပ်စမ်း"

ကျွန်တော်တစ်ခွန်းမှပြန်မပြောဘူး၊ အဖေက 'ငါ မင်းဆီမှာ ကတိ တစ်ခုတောင်းမယ်၊ ခရစ္စတိုဖာ၊ ကတိတောင်းတယ်ဆိုတာ ဘာဆိုလို တယ် သိပါတယ်နော်"

ကျွန်တော်သိပါတယ်၊ ကတိပေးပြီးရင် ဘာဆိုလိုတယ်ဆိုတာ၊ ကတိပေးပြီးရင် ပြောရတော့မယ် နောက်ဘယ်တော့မှမလုပ်ပါဘူးလို့၊ ဘာလို့ဆို လုပ်မိတာနဲ့ လိမ်ညာသလိုဖြစ်သွားလိမ့်မယ်'

ကျွန်တော် "သိပါတယ်"

အဖေက "ငါ့ကို ကတိပေးစမ်း၊ သည်လို အလုပ်မျိုးတွေနောင် ဘယ်တော့မှ မလုပ်တော့ပါဘူးလို့၊ ကတိပေးစမ်း သည်လိုကြောင်တောင် တောင် စုံထောက်လုပ်တမ်း ကစားတာကို အခုပဲ လက်လျှော့ပါတော့ မယ်လို့၊ အိုခေ"

ကျွန်တော် "ကျွန်တော်ကတိပေးပါတယ်"။

❑

mgyoe.com

mgyoe.com

(၈၃)

ကျွန်တော်ထင်ပါတယ် ကျွန်တော်က အာကာသယဉ်မှူးကောင်း တစ်ယောက် လုပ်နိုင်တယ်လို့။ အာကာသယာဉ်မှူးကောင်း တစ်ယောက် ဖြစ်ဖို့ဆိုတာ သင့်အနေနဲ့ ဉာဏ်ရည်ဉာဏ်စွမ်းရှိဖို့ လိုအပ် ပါတယ်။ ကျွန်တော်ကတော့ အဲဒါနဲ့ ပြည့်စုံပါတယ်၊ သင်ဟာ စက်ကိရိယာတွေ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကို သိဖို့လိုအပ်တယ်။ ကျွန်တော်ကတော့ စက်တွေ အလုပ်လုပ်ပုံကို ကောင်းကောင်း နားလည်တဲ့သူပါ၊ သင်ဟာ သင့်ကိုယ်ပိုင်အစွမ်းအစနဲ့ ကမ္ဘာမြေပြင်က မိုင်ထောင်ပေါင်း များစွာဝေးကွာတဲ့ အာကာသယာဉ်ငယ်လေးအတွင်းမှာ နေထိုင်ရတာ နှစ်သက်သူဖြစ်ရမယ့်အပြင် အိမ်လွမ်းတာတို့၊ ပိတ်လှောင် နေစဉ် ကြောက်ရွံ့တတ်တာတို့ စိတ်မမှန်တာတို့လည်း မရှိရပါဘူး။

ကျွန်တော်ကတော့ တကယ့်အာကာသယာဉ် အငယ်စားကို ကြိုက်နှစ်သက်ပါတယ်၊ အဲဒီထဲမှာ အခြားသူတွေ ဘယ်သူမှမရှိဘဲ ကျွန်တော်တစ်ယောက်တည်း ရှိနေသရွေ့ပါ၊ တစ်ခါတလေ ကျွန်တော်

mgyoe.com

mgyoe.com


တစ်ယောက်တည်း နေချင်တဲ့အခါ ရေချိုးခန်းအပြင်ဘက်က လေသလပ် အခြောက်ခံဗီရိုထဲမှာ ရှိနေတတ်တယ်၊ ဘွိုင်လာအိုးဘေးနားက အထဲကို တိုးဝင်၊ ကျောဘက်က တံခါးချပ်ကိုဆွဲပိတ်ပြီး နာရီအနည်းငယ်လောက် တစ်ယောက်တည်း ထိုင်စဉ်းစားနေရတာ ကျွန်တော့်စိတ်ကို ငြိမ်သက်စေ တယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ပိုင် အာကာသယာဉ်ကို ပိုင်ဆိုင်နိုင်သလို ကိုယ့်ကိုယ်ပိုင်အာကာသယာဉ်ရဲ့ အစိတ်အပိုင်းထဲကို ဘယ်သူမှ မဝင် ရောက်နိုင်ဘူးလေ၊ ပြီးတော့ကျွန်တော့်အထဲမှာ အဝါရောင်အရာဝတ္ထု ကော အညိုရောင်အရာဝတ္ထုပါ မရှိလေတော့ ကျွန်တော့်အတွက် အဆင်ပြေတာလည်းပါပါတယ်။

ပြီးတော့ ခရီးစဉ်ထိန်းချုပ်ခန်းကနေ အခြားလူတွေကိုစကား ပြောချင်ပြောနိုင်တယ်၊ ဒါပေမဲ့လည်း ဒါကိုကျွန်တော်က ရေဒီယိုလှိုင်းနဲ့ ချိတ်ဆက်ပြီး တီဗီမော်နီတာကတစ်ဆင့် လုပ်လို့ရတယ်၊ ဒါကြောင့် သူတို့က တကယ့်လူတွေမဟုတ်တဲ့ သူစိမ်းတွေဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်က ကွန်ပျူတာဂိမ်းလိုကစားရတာကို နှစ်သက်တာကိုး။ ထို့အတူ အိမ်လွမ်းတာမျိုးတော့ ကျွန်တော့်မှာ လုံးဝရှိမှာမဟုတ်ဘူး။ အထဲမှာ ကျွန်တော်ကြိုက်နှစ်သက်တဲ့အရာတွေ မျိုးစုံအောင်ထည့်ထား တာကိုး၊ အဲဒါတွေကစက်ပစ္စည်းတွေ ကွန်ပျူတာတွေနဲ့ အာကာသ ဟင်းလင်းပြင်တွေရယ်ပါ၊ ကျွန်တော့် အာကာသယာဉ်ငယ်ရဲ့တံခါး အသေးလေးကနေတစ်ဆင့် အပြင်ဘက်ကိုလှမ်းကြည့်ချင်လည်း ကြည့် လို့ရပါတယ်၊ ကျွန်တော်ဟာ မိုင်ထောင်ပေါင်းများစွာဝေးတဲ့ အရပ်မှာ ဘယ်သူမှ ကျွန်တော့်အနားမှာ မရှိဘူးလို့ သိနေရသလိုပါပဲ၊ ဒါဟာ လည်း နွေရာသီညမျိုးမှာ ကျွန်တော် ဟန်ဆောင် လုပ်နေသလိုမျိုးပါ၊ မြက်ခင်းပေါ်သွားလှဲနေလိုက်ပြီး လက်တွေနဲ့ မျက်လုံးနားကာလိုက်ရင်း မိုးပေါ်ကြည့်တဲ့အခါ ခြံစည်းရိုး မီးခိုးခေါင်းတိုင်နဲ့ အဝတ်လှမ်းကြိုး

mgyoe.com

mgyoe.com


တို့ကိုလည်း မမြင်ရတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် အာကာသထဲ ရောက်နေသလိုခံစားလိုက်တယ်၊ ကျွန်တော် မြင်ရသမျှ အရာအားလုံးဟာ ကြယ်တွေပါပဲဖြစ်ပါလိမ့်မယ်၊ ကြယ်တွေဆိုတာလည်း သက်ရှိတွေ နှစ်သန်းထောင်ပေါင်းများစွာကတည်းက ဖြစ်တည်စေတဲ့ မော်လီကျူးတွေရှိတဲ့နေရာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် သင့်ခန္ဓာကိုယ်ထဲက သွေးအားနည်းခြင်းကို မဖြစ်စေတဲ့ အိုင်းယွန်းဆိုတဲ့ မော်လီကျူးဟာလည်း ကြယ်တွေမှာ ဖြစ်တည်နေပါတယ်။

ပြီးတော့တိုဘီကို အာကာသထဲကို ခေါ်သွားလို့ရရင် ခေါ်သွားချင်တယ်၊ ဒါကိုလည်းခွင့်ပြုကောင်းခွင့်ပြုလိမ့်မယ်၊ သူတို့တောင်မှ တိရစ္ဆာန်ကိုအာကာသထဲ စမ်းသပ်ဖို့ ခေါ်သွားခဲ့ကြတာပဲ၊ ကျွန်တော်ကတောင် ဒီလိုကောင်းတဲ့ စမ်းသပ်မှုမျိုးကိုတွေးတယ်ဆိုရင် ခင်ဗျားတို့လည်း ဒီလိုကြွက်တွေကို မနာမကျင်ပဲ စမ်းသပ်နိုင်တာပဲ၊ ကျွန်တော်တိုဘီကို ယူဆောင်သွားခွင့်ပြုပါ၊ ကျွန်တော်လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ သူတို့ ကျွန်တော့်ကို ခွင့်မပြုဘူးဆိုရင်တောင် ကျွန်တော် သွားနိုင်ပါသေးတယ်၊ ဘာလိုဆို အိပ်မက်တွေ တကယ်ဖြစ်လာမယ်ဆိုတာရှိတယ်လေ။

❑

mgyoe.com

mgyoe.com

(၈၉)

နောက်တစ်နေ့ ကျောင်းမှာ ကျွန်တော်က ဆော့ဟန်ကို ပြောပြတယ်။ ငါ့အဖေက ငါ့ကိုပြောထားပြီးပြီ နောက်နောင် ဘယ်တော့မှ စုံစမ်းထောက်လှမ်းတာတွေ မလုပ်တော့ဖို့ကို၊ ဒီတော့စာအုပ်ကိစ္စ အဆုံးသတ်ပြီပေါ့၊ ကျွန်တော်သူမကို အခုအချိန်ထိ ရေးသားပြီးခဲ့တဲ့ စာမျက်နှာ တွေကိုပြတယ်၊ စကြဝဠာရဲ့ပုံစံကားချပ်တွေ၊ လမ်းမြေပုံနဲ့ သုဒ္ဓကိန်း ဂဏန်းတွေနဲ့အတူပေါ့၊ သူမကတော့ ဒါက ကိစ္စမရှိပါဘူးတဲ့၊ စာအုပ်က ရေးပြီးသလောက်ကိုက အတော်ကောင်းနေပြီတဲ့၊ ကျွန်တော်က စာတစ်အုပ် ရေးပြီးဖြစ်နေတဲ့အတွက် လုံးဝဂုဏ်ယူစရာကောင်းတယ်တဲ့၊ စာအုပ်ကသိပ်ပြီး တိုတောင်းသော်ငြားလည်း အချို့ တိုတောင်းပြီး အရမ်းဖတ်ကောင်းတဲ့ စာအုပ်တွေရှိတယ်တဲ့၊ ဥပမာ– ကော့နာဒ်ရေးတဲ့ မဟူရာအသည်းနှလုံးစာအုပ်မျိုးပေါ့တဲ့။

ဒါပေမဲ့လည်း သည်စာအုပ်က စာအုပ်ကောင်းတစ်အုပ်တော့ မဟုတ်ဘူးလို၊ ဘာလို့ဆို ကောင်းကောင်းအဆုံးမသတ်ထားတော့ နောက်ဆုံးမှာ ဝယ်လင်တန်ကိုသတ်တဲ့ တရားခံကို မဖော်နိုင်ဘဲ လွှတ်နေ

mgyoe.com

mgyoe.com


တယ်လိုပြောလိုက်တယ်၊ သူမကတော့ ဒါဟာ လက်တွေ့ဘဝပဲတဲ့၊ လောကကြီးမှာ လက်သည်မပေါ်တဲ့ တရားခံတွေရှိသလို တရားခံတွေကို မဖမ်းနိုင်တာတွေလည်းရှိတယ်တဲ့၊ ဂျက်နဲ့ရစ်ပါတို့လိုပေါ့။

ကျွန်တော်က တရားခံလွတ်နေတယ်ဆိုတဲ့ သဘောတရားကို မကြိုက်နှစ်သက်ကြောင်းနဲ့၊ တရားခံက အနီးအနားတစ်ဝိုက်မှာ နေထိုင်သူလို့ မစဉ်းစားချင်ကြောင်း၊ ကျွန်တော် အဲဒီဘက်လမ်းထွက်လျှောက်တုန်းက အဲသည့်တရားခံနဲ့ လမ်းမှာဆုံကောင်းဆုံနိုင်ကြောင်းတိုကို ပြောလိုက်တယ်။ ဒါဟာလည်း ဖြစ်နိုင်ခြေရှိတယ်၊ များသောအားဖြင့် လူသတ်တရားခံဟာ အသတ်ခံရသူကိုသိတဲ့သူ ဖြစ်နေတတ်တယ်။

ပြီးတော့ ကျွန်တော့်ကို အဖေကပြောတယ်၊ မစ္စတာရှီးယားစ်အကြောင်း အိမ်မှာဘယ်တော့မှ ထပ်မပြောဖို့၊ ဘာလို့ဆို ဒီလူက မိစ္ဆာတစ်ယောက်ပဲတဲ့လေ၊ ဒါဆိုဝယ်လင်တန်ကို သတ်တဲ့သူက မစ္စတာရှီးယားစ်များဖြစ်နေမလားပဲ။

သူမက "မင်းအဖေက မစ္စတာရှီးယားစ်ကို ကြည့်မရတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လေ။"

ကျွန်တော် "ဘာလို့လဲ"

သူမ "ငါမသိဘူး၊ ခရစ္စတိုဖာ၊ ငါမသိဘူး၊ ငါက မစ္စတာရှီးယားစ်အကြောင်းကို လုံးဝသိတာမဟုတ်ဘူး။"

ကျွန်တော် "မစ္စတာရှီးယားစ်က မစ္စစ်ရှီးယားစ်ကို လက်ထပ်ထားပုံရတယ်၊ ပြီးတော့သူထားခဲ့တယ်၊ ကွာရှင်းသလိုမျိုးပေါ့၊ ဒါပေမဲ့ ကျွန်တော် သေသေချာချာမသိဘူး၊ သူတို့တကယ် ကွာရှင်းထားမထားဆိုတာ"

ဆော့ဟန်က "ကောင်းပြီ၊ မစ္စစ်ရှီးယားစ်က မင်းရဲ့မိတ်ဆွေ

mgyoe.com